Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

eBulletin

၁ မေ ၂၀၀၅ | သတင်းလွှာ | အမှတ် ၈/၂၀၀၅

အလုပ်သမားများ၏ အကျိုးစီးပွားအလို့ငှာ အခြေခံလိုအပ်ချက်ဖြစ်သည့်
လွတ်လပ်စွာပြောဆိုနိုင်ခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့ ထူထောင်ပိုင်ခွင့် အခွင့်အရေးများ
ခံစားရရှိစေရန်နှင့် လူမှုတိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းနိုင်စေရန်။

(အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့ချုပ်၏ အထွေထွေရည်ရွယ်ချက်များမှ ထုတ်နုတ်ဖော်ပြသည်။)

"ကျောင်းသားခေါင်းဆောင်များ၏ နှစ်သစ်နှုတ်ခွန်း"
( စာမျက်နှာ ၆ )



'တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ' ဆိုတဲ့ သီချင်းအစလို ပါပဲ ကျနော်တို့က မင်္ဂလာရှိတဲ့ နှစ်သစ်အတွက် မင်္ဂလာရှိတဲ့ အလုပ်ကို လုပ်ကြဖို့ဆိုတာ အဲဒီသီချင်းလေးကို သတိရ ကြပါလို့ ကျနော်မေတ္တာရပ်ခံချင်ပါတယ်။ အားလုံး အတွက်ပါ ခင်ဗျာ။ (မင်းကိုနိုင်)

ကျနော် စဉ်းစားမိတာကတော့ –
လူထုကြီး မလွတ်မြောက်မချင်း အလုပ်သမားတွေ မလွတ်မြောက် နိုင်ဘူး။

"ဆယ်ပေပတ်လည်ထဲက
ဖောက်ထွက်ကြသူများ"
( စာမျက်နှာ ၇)

ယနေ့ စက်မှုလွန်ခေတ် ကမ္ဘာကြီးက တတိယလှိုင်းကို စီးနေချိန်တွင်
ကျွန်ုပ်တို့ မြန်မာပြည်ကတော့ ပထမလှိုင်းထဲကပင်
ရုန်းမထွက်နိုင်သေး၊ မီးခိုးခေါင်းတိုင်
ယဉ်ကျေးမှုကိုပင် ဖြတ်သန်းဖို့ကြိုးစားနေရဆဲဖြစ်သည်။

"ခမ္မာစကား"
( စာမျက်နှာ ၂ )

သေနတ်ဖြင့်ချိန်ရွယ်၍ခြိမ်းခြောက်ခြင်း၊ ဆံပင်ဆွဲပြီးခေါင်းကို
ကျောက်ပုံဖြင့်ဆောင့်ခြင်း၊ တုတ်ဖြင့် ရိုက်ခြင်းများ ပြုလုပ်ခဲ့သည်။
နောက်ပိုင်းတွင် ပုလိပ်များက မကွေးထောင်သို့ခေါ်သွားခဲ့သည်။

"ချီကာဂို၊ ရေနံမြေ၊ လှိုင်သာယာ က နှင်းဆီအိပ်မက်များ"
( စာမျက်နှာ ၁၅ )

နအဖ စစ်အုပ်စုကတော့ တိုင်းရင်းသားလက်နက်ကိုင်
အဖွဲ့အစည်းတွေ ကိုင်စွဲထားတဲ့လက်နက်တွေ
ဖြုတ်သိမ်းရေးခြေလှမ်းကို တပ်မဟာ (၁၁) ဦးတန်နတို့နှင့်
စတင်ဖွင့်လှစ်ခဲ့ပြီ
"အပြီးအပိုင်ခွန့်လွှတ်လိုက်ရင် ထာဝရရှုံးနိမ့်ရလိမ့်မယ်"
( စာမျက်နှာ ၁၂)

အလှည့်ကျ ဥက္ကဋ္ဌ၊ စစ်အစိုးရနှင့်
အာဆီယံပေါ်လစီအလှည့်အပြောင်း
( စာမျက်နှာ ၁၀)

ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်
(CRC)
( စာမျက်နှာ ၁၆ )

# အမှာစကား

ယနေ့ဆိုလျှင် အမေရိကန်နိုင်ငံ ချီကာဂိုကစခဲ့သော မေလ(၁)ရက်အလုပ်သမားလှုပ်ရှားမှုကို နိုင်ငံတကာအလုပ်သမားနေ့ အဖြစ် သတ်မှတ်ခဲ့သည်မှာ နှစ်ပေါင်း(၁၁၉)နှစ်တိုင်ခဲ့ပြီ ဖြစ်ပေသည်။ သို့သော်လည်း နိုင်ငံတကာရှိ အလုပ်သမားတို့၏ဘဝမှာ အေးချမ်း မှု၊ တည်ငြိမ်မှု၊ သာယာမှုတို့သည်ရရှိ နေပါသလား။

"ပဋိပက္ခတွေ ကင်းစင်တဲ့ အဆင်ပြေချောမွေ့နေမယ့် ကမ္ဘာကြီးကို ကျနော်ဖြင့် မျှော်လင့်လို့မရနိုင်သေးဘူး၊ လူမှုရေး၊ နိုင်ငံရေး ပဋိပက္ခတွေ တင်းကြမ်းပြည့်နေမယ့် ကမ္ဘာကြီးသာဖြစ်ဖို့များတယ်။"

(အနာဂတ္တိဆရာ အယ်လ်ဗင်တော်ဖလာ)

လူသားတို့သည် ကုန်ထုတ်လုပ်မှု တိုက်ပွဲစဉ်ကြီးအတွင်းပါဝင်ဖြတ်သန်းရင်း မိမိတို့၏အသက်ဆက်လက်ရှင် သန်ကြီးထွားရေး နှင့် လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေ့ရှုဆောင်ရွက်ကြရပေသည်။ နိုင်ငံတိုင်းစီးပွားရေးတိုးတက်ကောင်းမွန်ဖို့ဆိုလျှင် ထို တိုင်းပြည်ရှိ အလုပ်သမားလူတန်းစားတို့၏ စားဝတ်နေရေး (ရုပ်ဘဝ)အခြေခံလိုအပ်ချက်များသည်လည်း ပြည့်စုံလုံလောက်နေဖို့ လိုပေ သည်။ အဘယ့်ကြောင့်ဆိုသော် ကုန်ထုတ်လုပ်မှု၏ အဓိကမောင်နှင်အားသည် အလုပ်သမားလူတန်းစားတို့၏ လက်ထဲတွင်ရှိသော ကြောင့်ဖြစ်ပေသည်။ အနာဂတ်ကမ္ဘာတွင် အလုပ်သမားကို အဓိက ၂ မျိုး ၂ စားခွဲခြားသတ်မှတ်ကြပေသည်။ Social Worker နှင့် Knowledge Worker ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံမှ အလုပ်သမားများမှာ ဘယ်ထဲပါမည်နည်း။ Social Worker သည် လူမှုဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ပြီး၊ Knowledge Worker မှာ ဉာဏလုပ်အား(ပညာ)ကို အခြေခံသည့် လုပ်ငန်းများကို လုပ်ဆောင်သည်။ တော်ဖလာက လှိုင်းကြီးသုံးလှိုင်းဖြစ်သော ပထမလှိုင်း မြေယာစိုက်ပျိုးထုတ်လုပ်မှု တော်လှန်ရေး၊ ဒုတိယလှိုင်း စက်မှု တော်လှန်ရေး၊ တတိယလှိုင်း သတင်းနှင့်နည်းပညာတော်လှန်ရေးတို့ဖြင့် ကမ္ဘာ့လူ့အဖွဲ့အစည်း၏ ဖြစ်ထွန်းတိုးတက်လာမှုကို သုံးသပ်ထား ပေသည်။

ယနေ့ စက်မှုလွန်ခေတ် ကမ္ဘာကြီးက တတိယလှိုင်းကို စီးနေချိန်တွင် ကျွန်ုပ်တို့ မြန်မာပြည်ကတော့ ပထမလှိုင်းထဲကပင် ရုန်းမထွက်နိုင်သေး မီးခိုးခေါင်းတိုင် ယဉ်ကျေးမှုကိုပင် ဖြတ်သန်းဖို့ကြိုးစားနေရဆဲဖြစ်သည်ကို တွေ့ရပေသည်။ တိုင်းပြည်၏ အဓိကစီးပွားရေး သည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားနေရပြီး ကုန်ထုတ်လုပ်မှုနှင့် ကုန်ထုတ်အရင်းအနှီးများမှာလည်း ပဒေသရာဇ် လူ့အဖွဲ့အစည်း ၏ ကုန်ထုတ်လုပ်မှုပုံစံ ကျွဲ၊ နွားနှင့် ထွန်ယက်စိုက်ပျိုးနေရဆဲဖြစ်နေပေသည်။ မြို့ပြရှိ စက်မှုလက်မှုလုပ်ငန်းများဆိုသည်မှာလည်း လယ်ယာထွက်ကုန်ကို အခြေခံသည့် လုပ်အားကဲ ကုန်ထုတ်လုပ်မှု (Labour Intensive) ပုံစံအဆင့်သာဖြစ်ပြီး စက်ရုံကြီးတွေဆိုတာကလည်း နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာ ထိန်းချုပ်မှုအောက်က အလုပ်သမားတွေကို လုပ်ခစျေးအပေါဆုံးပေးပြီး ထုတ်လုပ်သော ကုန်ကြမ်းတပိုင်း ကုန်ချောထုတ်သည့် စက်ရုံတွေအဆင့်ပဲ ရှိပါသည်။ ဒါတောင် ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံတွေနှင့် နှိုင်းယှဉ်လိုက်လျှင် အင်မတန်မှ နည်းသည့် အရေအတွက်ပဲရှိပါသည်။ လုပ်ခမှာလည်း ကမ္ဘာ့ လုပ်အားခ သတ်မှတ်ချက်စျေးအပေါဆုံး ၁ ဒေါ်လာလောက်ကို ဇောက်ထိုး ထိုးနေပေသည်။ ပိုမိုထင်ရှားသည့် ကမ္ဘာကြီးနှင့် ကွာဟချက်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများသည် စတုတ္ထလှိုင်းဖြစ်သော Bio Technology သို့ပင် လှမ်းနေကြချိန်တွင် ကျွန်ုပ်တို့ မြန်မာပြည် အလုပ်သမားထု၏ ဘဝမှာ ထမင်းစားရဖို့ အသက်ရှင်နေရသည့်ဘဝ၊ တနေ့လုပ်မှ တနေ့စားရသည့်ဘဝ၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး ဘဝများမှာလည်း လွန်စွာနိမ့်ကျလျက်ရှိပြီး အနာဂါတ်ပျောက်နေသည့် အမှောင်ခေတ်လူသားများအဖြစ်သို့ ရောက်နေရပေသည်။

လုပ်အားမှလွဲ၍ ဘဝမှာ ပိုင်ဆိုင်မှုဆို၍ ဘာမှမရှိသော အလုပ်သမားထုကြီးသည် မိမိတို့၏ လက်ရုံးများဖြင့် ဖိနှိပ်မှု၊ သွေးစုပ်မှု များကို ရိုက်ချိုးပြီး အုပ်စိုးသူများ ဟောင်းနွမ်းဆွေးမြေ့သော လူမှုစီးပွားရေးအဆောက်အအုံများ၊ စနစ်များကို ဖျက်သိမ်းပစ်ရမည်ဖြစ်ပေသည်။ ကိုယ့်အနာဂါတ်ကို ကိုယ်ကိုယ်တိုင်ဖန်တီးတည်ဆောက်နိုင်သည့် လူ့အဖွဲ့အစည်းတရပ်ကိုလည်း တည်ဆောက်ကြရမည်ဖြစ်ပေသည်။

## မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ ရည်မှန်းချက်များ –

(၁) စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး

(၂) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေး

(၃) ပြည်တွင်းငြိမ်းချမ်းရေး

(၄) ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး

## ဒန်းနစ်ရှ် ဘာမားကော်မတီ နှင့် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ဆွေးနွေးပွဲ



မေ (၂၈)ရက်နေ့တွင် ဗမာပြည်ဒီမိုကရေစီ ရရှိရေးကို ထောက်ခံကူညီအားပေးနေသော Danish Burma Committee နှင့် FDB ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေး ခဲ့ကြပါသည်။

၂၀၀၃ ခုနှစ်မှစ၍ ABSDF, NDD နှင့် DPNS တို့ကို DBC မှ ပံ့ပိုးကူညီပေး နေသော Political Capacity Education Program နှင့် ပတ်သက်၍ နိဂုံးချုပ်သုံးသပ်မှု များ ပြုလုပ်ခဲ့ပါသည်။

၂၀၀၆ခုနှစ်မှစ၍ မြန်မာနိုင်ငံ ဒီမို ကရက်တစ်အင်အားစု (FDB) နှင့် တိုးချဲ့ လက်တွဲ၍ မြန်မာပြည်ဒီမိုကရေစီ ထွန်းကား ရေးအတွက် ပူပေါင်းဆောင်ရွက်ကြရန် ကနဦး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ၎င်းဆွေးနွေးပွဲသို့ (FDB)အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်နှင့်အတူ ကိုကျော်ကျော် (NDD)၊ ကိုဇော်မင်း (DPNS)၊ ကိုနေမင်း (DPNS) တို့ တက်ရောက်ခဲ့ကြပါသည်။

## Grassroots နယ်ပယ်အတွင်း ဖက်ဒရယ်ပြည်ထောင်စုစစ်စစ် တည်ဆောက်နိုင်ရေး ပညာပေးဆွေးနွေး

ဖက်ဒရယ်ရေးရာကော်မတီသည် လူထုလူတန်းစားအလွှာအသီးသီးကြားတွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများတွင်လည်းကောင်း၊ အလုပ်သမားထုကြားတွင်လည်းကောင်း၊ တော်လှန်ရေးအင်အားစုများ၏ တပ်ရင်းတပ်ဖွဲ့အသီးသီး တွင်လည်းကောင်း ပြည်ထောင်စုစိတ်ဓါတ် ပိုမိုဖွံ့ဖြိုးလာစေဖို့နှင့် ဖက်ဒရယ်ပြည်ထောင်စုဆိုသည်ကို ပိုမိုသိမြင်နားလည် ကြွယ်ဝလာစေဖို့အတွက် စဉ်ဆက်မပြတ်ဟောပြောဆွေးနွေးခဲ့ကြပါသည်။

၂၅၊ ၄၊ ၂၀၀၅ ရက်နေ့မှာလည်း ဖက်ဒရယ်ရေးရာဝန်ကြီး ဦးခွန်မာရ်ကိုဗန်း (NCGUB)၊ ဖက်ဒရယ်ရေးရာကော်မတီဝင် ကိုငွေလင်း (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)နှင့် ဖက်ဒရယ်ရေးရာကော်မတီ Coordinator ကိုထွန်းအောင်ကျော် (NLD-LA)တို့ပါဝင်သော အဖွဲ့သည် နံနက် ၉ နာရီခွဲမှ နေလည် ၁၂ နာရီအထိ ဥယျာဉ်ခြံမြေစိုက်ပျိုးလုပ်ကိုင်နေကြသော တိုင်းရင်းသားညီအကိုမောင်နှမ (၈၀) ကျော်အား သွားရောက်တွေ့ဆုံကာ အကျယ်တဝင့်ဆွေးနွေးတင်ပြခြင်း၊ မေးခွန်းများကို ဖြေကြားရှင်းလင်းခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။

## NED တာဝန်ရှိသူ Mr Brian နှင့် FDB ခေါင်းဆောင်များ တွေ့ဆုံ

၂၄၊ ၄၊ ၂၀၀၅ ရက်နေ့ညနေ ၄ နာရီတိတိမှာ NED မှ တာဝန်ရှိသူ Mr Brian သည် FDB ရုံးသို့ရောက်ရှိလာပြီး FDB ခေါင်း ဆောင်များနှင့်တွေ့ဆုံခဲ့ပါသည်။

FDB ရုံးမှ အတွင်းရေးမှူးအဖွဲ့မှ လက်ခံတွေ့ဆုံပြီး

- လက်ရှိနိုင်ငံရေးအခြေအနေအပေါ် အမြင်နှင့် သုံးသပ်ချက်များ
- POC Process ကြောင့် ရိုက်ခတ်သွားသော ဂယက်များ
- ပြည်တွင်း NLDနှင့် ပတ်သက်၍ စဉ်းစားချက်များ
- ပြည်တွင်းလုပ်ငန်း သဘာဝများနှင့် FDB ၏ အခန်းကဏ္ဍ
- အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် အဖွဲ့အစည်းအသီးသီးမှာ ပါဝင်လုပ်ဆောင်နေမှုများ
- နိုင်ငံတကာမှာကိုပဲ အမျိုးသမီးဝန်ကြီးချုပ်များ၊ သမတများ တဖြည်းဖြည်းပိုများလာနေသည့်အကြောင်းများအပါအဝင်

အကြောင်းအရာ အစုံအလင် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

## နိုင်ငံရေးအသိပညာအရည်အသွေး မြှင့်တင်ရေးသင်တန်း၊ အမှတ်စဉ် (၁/၂၀၀၅) ဖွင့်လှစ်ပြီးစီး



ဒီမိုကရေးစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (NDD)၊ လူထုစွမ်းရည်မြှင့်လုပ်ငန်းအစီအစဉ် (Public Empowerment Program) မှ DBC/AIF ၏ အကူအညီဖြင့် နိုင်ငံရေးအသိပညာအရည်အသွေး မြှင့်တင်ရေးသင်တန်း၊ အမှတ်စဉ် (၁/၂၀၀၅)အား ၂၀၀၅ ခုနှစ် မတ်လ (၉)ရက်နေ့ မှ (၂၆)ရက်နေ့အထိ NDD သင်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

၎င်းသင်တန်းသို့ ABSDF, BWU, BPA, KNU, KYO, KWO, KSNG, KYLMC, MHD နှင့် NDD တို့မှ သင်တန်းသား စုစုပေါင်း ( ၂၆ ) ဦးတက်ရောက်ခဲ့ကြပြီး၊ သင်တန်းပို့ချရက် (၁၅) ရက်အတွင်း လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖယ်ဒရယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဒီမိုကရေစီနှင့် အသွင်းကူးပြောင်းရေးကာလ တရားမျှတမှု ဘာသာရပ်ခြောက်ခုအား ဆွေးနွေး ပို့ချ ဖလှယ်ခဲ့ကြခြင်းဖြစ်သည်။

၎င်းသင်တန်းအပြီး DBC / AIF ၏ အကူအညီဖြင့်ပင် အဖွဲ့အစည်းအတွင်း အလုပ်ရုံဆွေးနွေးပွဲ (Intra Organizational Workshop) အမှတ်စဉ် (၁/၂၀၀၅) အား မတ်လ (၂၈) ရက်မှ (၃၁) ရက်နေ့အထိ (၄) ရက်တာ ဆက်လက်ပြုလုပ်ခဲ့သည်။ AND-PoCEP မှ ပြုလုပ်ခဲ့သည့် ‘နိုင်ငံရေးအတွေးအခေါ်များနှင့် နိုင်ငံရေးပါတီစနစ်များ’ လေ့လာရေးအစီအစဉ်ဖြင့် ဆည်းပူးဖလှယ်ထားခဲ့ကြသော ဗဟုသုတများအား အဖွဲ့အစည်း၊ အဖွဲ့ဝင်များကို ပြန်လည်မျှဝေပေးသည့် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်သည်။

# နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေး ကုလတောင်းဆို

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ လူ့အခွင့်အရေး ကော်မရှင်၏ (၆၁)မြောက်ညီလာခံက နအဖစစ်အစိုးရအနေဖြင့် စနစ်တကျ ရည်ရွယ်ချက်ရှိရှိဖြင့် ချိုးဖောက်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရပ်တန့်ရန် တောင်းဆိုလိုက်သည်။ ဧပြီလ(၁၄)ရက်နေ့က ချမှတ်ခဲ့သော ညီလာခံ ဆုံးဖြတ်ချက်အတွင်း ယခုကဲ့သို့ တောင်းဆိုလိုက်ခြင်းဖြစ်သည်။




အဆိုပါ ညီလာခံသို့ မြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရအဖွဲ့မှ ဒေါက်တာသောင်းထွန်းခေါင်းဆောင်ပြီး ကိုစိုးအောင် (ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ)၊ စောလှဟင်နရီ (IDP) နှင့် (FDB) နိုင်ငံတကာဆက်ဆံရေး ကော်မတီအဖွဲ့ဝင်နှင့် (AAPP) တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်တို့ တက်ရောက်ခဲ့ကြပါသည်။

လူ့အခွင့်အရေးကော်မရှင် ညီလာခံကို နှစ်စဉ်နှစ်တိုင်း မတ်လမှ ဧပြီလအထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပလေ့ ရှိသည်။ ယခုနှစ်ကျင်းပသည့် ညီလာခံသို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံပေါင်း(၅၃)နိုင်ငံမှ အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ လေ့လာရေးအဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်မှ ခန့်အပ်ထားသော အထူးစုံစမ်းစစ်ဆေးရေးမှူးများ၊ ကျွမ်းကျင်သူများ အပါအဝင်စုစုပေါင်း ၃၀၀၀ ကျော်တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလူ့ အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် နိုင်ငံများ၊ လေ့လာရေးအဖွဲ့ဝင် နိုင်ငံများအားလုံး၏ သဘောတူညီချက်ဖြင့် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ထိုဆုံးဖြတ်ချက်တွင် နိုင်ငံရေးအကျဉ်းသားများကို (အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများနှင့် ဖျားနာနေသော) ခြွင်းချက်မရှိ ချက်ခြင်း လွှတ်ပေးရန်၊ ဒီပဲယင်းကိစ္စ အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် ကုလသမဂ္ဂ အထွေထွေညီလာခံမှဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်အတိုင်း လွတ်လပ်သော ကော်မရှင် တရပ်ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးရန်၊ ဒီမိုကရေစီစနစ် ပြန်လည်ဖော်ဆောင်နိုင်ရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးတို့အတွက် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခေါင်းဆောင်များနှင့် ထိရောက်၍ စနစ်ကျသော တွေ့ဆုံဆွေးနွေးပွဲကို ချက်ချင်းစတင်ရန်၊ ထို့အပြင် အခြားနိုင်ငံရေး ခေါင်းဆောင်များနှင့် တိုင်းရင်းသား ကိုယ်စားလှယ်များကိုလည်း ထိုတွေ့ဆုံဆွေးနွေးပွဲများတွင် စေလျင်စွာ ပါဝင်ခွင့်ပြုရန်တို့ ပါဝင်သည်။

မြန်မာနိုင်ငံအတွင်း နအဖစစ်အစိုးရက ကျူးလွန်နေသော ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ စစ်တပ်က လက်နက်သဖွယ် အသုံးပြုလေ့ရှိသော ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိန်းမှုများနှင့် အခြားသော လိင်ဆိုင်ရာအကြမ်းဖက်မှုများ၊ နိုင်ငံရေးလှုပ်ရှားသူများအား ဆက်လက်ဖမ်းဆီး ထောင်ချ နေခြင်းများ၊ ပြစ်ဒဏ်ကုန်ဆုံးသွားသော နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ချုပ်နှောင်ထားမှုများ၊ အဓမ္မနေရာပြောင်းရွှေ့မှုများ၊ ကလေးများအား အလုပ်ခိုင်းစေမှုများ၊ ကလေး စစ်သားများအား အစီအစဉ်ရှိရှိအသုံးပြုနေမှုများ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးအား နေအိမ်အကျယ်ချုပ် တနှစ်ထပ်မံတိုးမြှင့်ထားမှု၊ ဦးခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင်များဖမ်းဆီးထားမှုများနှင့် ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြမှုရှိကြောင်း ဆုံးဖြတ်ချက်တွင် ပါဝင်သည်။

လူ့အခွင့်အရေးကော်မရှင်မှ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကို လာမည့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်သွင်းပြီး အတည်ပြုဆွေးနွေးမည်ဖြစ်ကြောင်းလည်းသိရှိရပါသည်။

■ ■ ■ ■

---

# ယူနီအိုးရှင်း အထည်ချုပ်စက်ရုံ အလုပ်သမားများ နစ်နာကြေးရရှိရန် အလုပ်သမားကူညီစောင့်ရှောက်ရေးရုံးသို့ တိုင်ကြား



မဲဆောက်မြို့ မဲတောင်ရပ်ရှိ ယူနီအိုးရှင်း အထည်ချုပ်စက်ရုံ မန်နေဂျာက အလုပ်မှထုတ်ပယ်ခဲ့သည့် အလုပ်သမား ၁၂၀ ကျော်သည် နစ်နာမှုလျော်ကြေးငွေ ရရှိရန် တရားဝင် ထပ်မံတိုင်းကြားခြင်းအတွက် အလုပ်သမား ကူညီစောင့်ရှောက်ရေးရုံးတွင် ယမန်နေ့က စတင်၍ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ စက်ရုံမန်နေဂျာ ခွန်ဘိုင်းက ယခုလ (၁၈) ရက်နေ့တွင် လုပ်အားခ အပြည့်အဝရရှိရန် တောင်းဆိုသည့် အလုပ်သမား (၁၅၀) ကျော်ကို စက်ရုံမှမောင်းထုတ်ခဲ့ပြီး ၎င်းပြဿနာကို အလုပ်သမား ကူညီစောင့်ရှောက်ရေးရုံးတွင် (၁၉)ရက်နေ့က ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သဖြင့် ယခုလို ထပ်မံတိုင်ကြားခြင်း ဖြစ်သည်။

"ကျနော်တို့က ခုဆိုလို့ရှိရင် သူတို့ပြန်ခေါ်တဲ့အလုပ်ကို လက်မခံ တော့ပဲ ကျနော်တို့အလုပ်လုပ်ခဲ့တဲ့နှစ်တွေကြာခဲ့တဲ့ နစ်နာမှုအပေါ် လျော်ကြေးငွေ ပြန်တောင်းမယ်ပေ့ါ။ အဲဒီအတွက် ပြန်ပြီးတော့ တရားဝင်တောင်းဆိုတာ"ဟု

ယူနီအိုးရှင်းစက်ရုံတွင် (၇)နှစ်ကြာ အလုပ်လုပ်ခဲ့သူ ကိုအောင်မြင့်က ပြောကြားခဲ့သည်။

ယခုတိုင်ကြားမှုတွင် လုပ်သက် (၄)နှစ်ရှိသည့် အလုပ်သမားအများစု ပါဝင်ပြီး အများဆုံး (၈)နှစ်မှ အနည်းဆုံး လုပ်သက် တစ်နှစ်သက်တမ်း ရှိသူများ ဖြစ်ကြသည်။ သူတို့၏ တနေ့အလုပ်ချိန် ၁၃ နာရီမှ ၁၄ နာရီ အထိရှိပြီး လုပ်ခမှာ ဘတ် ၆၀ မှ အများဆုံး ဘတ် ၈၀ ထိသာရရှိခဲ့မှုနှင့် အချိန်ပိုလုပ်အားခ တစ်နာရီ ၆ ဘတ်နှုန်းရရှိခဲ့သည့် နှစ်နာမှုအပေါ် တောင်းဆို တိုင်ကြားခြင်း ဖြစ်သည်။

မဲဆောက်အခြေစိုက် အလုပ်သမား ကူညီစောင့်ရှောက်ရေးဌာနက ဆောင်ရွက်ပေးနေသည့် လုပ်ငန်း (၇)ချက်ရှိပြီး (ခေါ်ဒေါ်းဂျစ်) အလုပ်သမားက မိမိအခွင့်အရေးဘောင်အတွင်းမှ တိုင်ကြားမှု၊ (ခေါ်ဒေါ်းစန်) တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းမှုနှင့် အမိန့်ချမှတ်ခြင်း အဆင့်ထိ ပါဝင်သည်။

"၂၈ ရက်နေ့က အလုပ်သမား (၁၀၀)ကျော် ခေါ်ဒေါ်းဂျစ် အတွက် လက်မှတ်ထိုးသွားတယ်။ သူတို့က အလုပ်သမား တွေအများကြီး ရုံးကို လာဖို့အတွက် နောက်ဆိုရင် အခက်အခဲရှိတယ်လို့ တင်ပြလာတော့ အလုပ်သမားတွေအားလုံးက သဘောတူတဲ့ အလုပ်သမားကိုယ်စားလှယ် (၁၀)ဦးကို ရုံးက ရွေးချယ်ခိုင်းလိုက်တယ်။ အဲဒီ ကိုယ်စားလှယ်ထဲက နှစ်ဦး ခေါ်ဒေါ်းစန် အဆင့်ပြီးသွားပြီ"ဟု အလုပ်သမား ကူညီစောင့်ရှောက်ရေးရုံးမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

၎င်းက ဆက်လက်ပြောကြားရာတွင် ယူနီအိုးရှင်းစက်ရုံပိုင်ရှင်သည် တိုင်ဝမ်လူမျိုးဖြစ်ပြီး ယခု အလုပ်သမားများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ထိုင်းအမျိုးသား မန်နေဂျာ ခွန်ဘိုင်းက ဆုံးဖြတ်လုပ်ကိုင်ခြင်းသည် အလုပ်ရှင် ကိုယ်တိုင်မဟုတ်၍ မှားယွင်းနိုင်သည့်အချက်ဖြစ်ကြောင်း ပြောကြားသည်။

ယူနီအိုးရှင်းစက်ရုံမှ မောင်းထုတ်ခံခဲ့ရသည့် အလုပ်သမားများသည် မဲဆောက်မြို့ရှိ မြန်မာဘုန်းကြီးကျောင်းများ ဖြစ်ကြသည့် ကျောင်းသစ်ဘုန်းကြီးကျောင်းတွင် ယခုလ (၁၈)ရက်နေ့မှ လေးရက်ကြာခိုလှုံခွင့်နှင့် တောရဘုန်းကြီးကျောင်းတွင် (၂၈)ရက်နေ့အထိသာ ခိုလှုံခွင့်ရရှိခဲ့သဖြင့် ယခုအခါ အလုပ်သမား (၁၂၀)ကျော်မှာ နေထိုင်မှု အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်းသိရသည်။

■ ■ ■ ■

## ကာတွန်း



# ကျောင်းသားခေါင်းဆောင်များ၏ နှစ်သစ်နှုတ်ခွန်းဆက်

သင်္ကြန်ပွဲတော်နဲ့ တန်ခူးလ။ မြန်မာလူမျိုးတွေအနေနဲ့ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုကူးတဲ့ ရာသီအချိန်အခါအဖြစ် သတ်မှတ်ကြတယ်။ ပူပြင်းလှတဲ့ ရာသီမှာ အပူဒဏ်ကို သက်သာစေဖို့၊ နှစ်ဟောင်းကအညစ်အကြေးတွေကို ဆေးကြောသန့်စင်ဖို့အတွက် တဦးနဲ့ တဦး ချစ်ခင်ရင်းနှီးစွာနဲ့ ရေပက်ဖြန်းလောင်းကြတယ်။ နှစ်ဟောင်းရဲ့ ညစ်နွမ်းဟောင်းနွမ်းမှုတွေကို စွန့်ထားခဲ့ပြီး နှစ်သစ်မှာ စိတ်သစ်၊ လူသစ်နဲ့ ယုံကြည်မျှော်လင့်မှုအသစ်တွေနဲ့အတူ ရွှင်လန်းချမ်းမြေ့စေဖို့အတွက် ဆန္ဒဆုမွန်ပြုကြတယ်။ ချစ်စရာ့ဓလေ့တရပ်ပါပဲ။

မြန်မာနှစ်တစ်နှစ်ကတော့ ကူးခဲ့ပါပြီ။ မြန်မာပြည် ကျောင်းသားပြည်သူတွေအနေနဲ့ရော နှစ်သစ်မှာ ဘာတွေဆန္ဒမွန်ပြုရင်း မျှော်လင့်နေကြမလဲ။ ကိုယ်မွေးခဲ့တဲ့မြေ၊ ကိုယ်ကြီးပြင်းရပ်တည်လာခဲ့တဲ့ မြေပေါ်မှာ ပြဿနာကင်းကင်းနဲ့ အမျိုးသားအချင်းချင်း သင့်မြတ်ငြိမ်းချမ်းစွာနဲ့ သာယာပျော်ရွှင်မှုကို တောင့်တလိုလားကြမှာပါ။ ဖွံ့ဖြိုးတိုးတက်စည်ပင်မှုကို မြင်တွေ့လိုကြမှာပါ။ ဒီမျှော်လင့်ချက်တွေကို နှစ်ပေါင်း ၄၀ ကျော်ကျော် တားဆီးဖျက်ဆီးထားခဲ့တဲ့ အိုမင်းဟောင်းနွမ်းနေပြီဖြစ်တဲ့ စစ်ဗျူရိုကရေစီယန္တရား၊ စစ်အာဏာရှင်စနစ်၊ စစ်အစိုးရဆိုတာကို မြန်မာ့မြေပေါ်က မြန်မြန်ပျောက်ဆုံးစေချင်မှာပါ။ ဒီယန္တရား၊ ဒီစနစ်ဆိုးတွေကို ကျားကန်ဖို့ ကြိုးပမ်းချက်ဖြစ်တဲ့ နအဖရဲ့ လမ်းပြမြေပုံ ၇ ရပ်နဲ့ ညီလာခံဆိုတာကိုလည်း မြန်မြန်ရပ်ဆိုင်းစေချင်ကြမှာပါ။ တိုင်းပြည်တွင်းတွေ့ကြုံနေရတဲ့ အထွေထွေအကျပ်အတည်းအထွေထွေပြဿနာတွေကိုလည်း ငြိမ်းချမ်းစွာဖြေရှင်းအဖြေရှာနိုင်ဖို့အတွက် တွေ့ဆုံဆွေးနွေး အဖြေရှာမှုတွေကိုလည်း မြန်မြန်ဆန်ဆန်ပေါ်ပေါက် စေချင်ကြမှာပါ။ စစ်အာဏာရှင်တွေရဲ့ အာဏာရမ္မက်အတွက် မတရားဖမ်းဆီးခံထားရတဲ့ ပြည်သူတွေချစ်ခင်တဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ ကျောင်းသားတွေ၊ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကိုလည်း အမြန်ဆုံးပြန်လွတ်မြောက်လာတာကို မြင်ချင်မှာပါ။ ကိုယ့်အမျိုးသားအချင်းချင်း တိုက်ခိုက်နေရတဲ့ စစ်ပွဲတွေကိုလည်း အမြန်ဆုံးရပ်ဆိုင်း စေချင်ကြမှာပါ။ နောက်ထပ်စစ်ပွဲတွေကိုလည်း ပြန်ဖြစ်စေချင်မှာမဟုတ်ပါဘူး။ လက်ရှိစစ်တပ်ကိုလည်း စစ်အာဏာရှင်ထိပ်သီးတစုရဲ့ တလက်ကိုင်တပ်အဖြစ်ကနေ တိုင်းချစ်ပြည်ချစ်စိတ်ကိုအခြေခံတဲ့ ပြည်သူတရပ်လုံးက ချစ်ခင်အားထားတဲ့ ပြည်သူ့တပ်မတော်အဖြစ် ပြုပြင်ပြောင်းလဲလိုကြမှာပါ။ ဒီအခြေခံကောင်းတွေက တဆင့် ပြည်သူတရပ်လုံးရဲ့ ကိုယ်ပိုင်အခွင့်အရေးတွေကို အာမခံတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်၊ ဖွံ့ဖြိုးတိုးတက်ပြီး ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်သွားနိုင်ဖို့ မျှော်လင့်တောင့်တ နေကြမှာပါပဲ။ ဒါတွေကတော့ ပြည်သူတွေရဲ့ နှစ်သစ်ဆန္ဒအစစ်အမှန်ဆိုတာ ဘယ်သူမှ ငြင်းရနိုင်မှာ မဟုတ်ပါ။ လွန်ခဲ့တဲ့ ၁၇ နှစ်က စစ်အာဏာရှင်စနစ် အောက်က ရုန်းထွက်လွတ်မြောက်နိုင်ဖို့ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နိုင်ဖို့ ပြည်သူလူထုကြီးနဲ့အတူ ရှေ့တန်းက ရဲဝံ့ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့တဲ့ မကြာမီကမှ စစ်အကျဉ်းထောင်တွေထဲက လွတ်မြောက်လာခဲ့တဲ့ ရှစ်လေးလုံးမျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေကရော ဘာတွေများ ဆန္ဒမွန်ပြုခဲ့ကြပါသလဲ။ သူတို့ရဲ့ မြန်မာသက္ကရာဇ် ၁၃၆၇ခုနှစ် မြန်မာနှစ်သစ်နှုတ်ခွန်းဆက်စကားတွေကို ကြည့်ကြပါစို့လား။



'တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ' ဆိုတဲ့ သီချင်းအစလိုပါပဲ ကျနော်တို့က မင်္ဂလာရှိတဲ့ နှစ်သစ်အတွက် မင်္ဂလာရှိတဲ့ အလုပ်ကို လုပ်ကြဖို့ဆိုတာ အဲဒီသီချင်းလေးကို သတိရကြပါလို့ ကျနော်မေတ္တာရပ်ခံချင်ပါတယ်။ အားလုံးအတွက်ပါခင်ဗျာ။

ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုမင်းဇေယျက
"ကျောင်းသားဟောင်းတွေက အကုန်လုံးကပေ့ါနော်၊ စိတ်တူကိုယ်တူလိုဖြစ်နေကြပြီ။ ဒီအမျိုးသားပြန်လည် သင့်မြတ်ရေးသာ ပထမဦးစားပေးပေ့ါဗျာ။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်တဲ့အခါမှာ အရင်ဦးဆုံးလုပ်သင့်တဲ့ လုပ်ငန်းကတော့ တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်ရေးပေ့ါဗျာ။ အဲဒီကိစ္စကို ကျနော်တို့က အမြန်ဆုံး ဖြစ်မြောက်ဖို့အတွက် တခြားသော ပုဂ္ဂိုလ်အဖွဲ့အစည်းတွေနဲ့ တွဲပြီးတော့ပေ့ါနော် အားလုံးဝိုင်းဝန်းပြီးတော့ လုပ်ဆောင်ဖို့ ကျနော်တို့ ရည်ရွယ်ချက်ဖြစ်တယ်။ ရည်လည်းရည်မှန်းထားတယ်။ အဲဒီရည်မှန်းချက်ကလည်း ဖြစ်လာမယ်လို့ သဘောရိုးနဲ့ ယုံကြည်တယ်ပေ့ါဗျာ။ ဒီလုပ်ငန်းတွေအကုန်လုံး ငြိမ်းချမ်းစွာနဲ့ ကောင်းကောင်းမွန်မွန်ဖြစ်အောင် ကြိုးစားပြီးတော့ တည်ဆောက်သွားမယ်ပေ့ါဗျာ။ အဲဒီတော့ တကယ်တမ်းဖြစ်သင့်ဖြစ်ထိုက်တဲ့ လူတွေကို စုပေါင်းလုပ်ဆောင်ဖို့အတွက် အားယူကြရအောင်လို့ ပြောချင်တယ်ဗျာ။"

စစ်အကျဉ်းထောင်အတွင်း ၁၄ နှစ်ကြာ မတရား ဖမ်းဆီးခံထားရပြီး မကြာမီကမှ ပြန်လွတ်လာခဲ့တဲ့ ကိုဇော်မင်းက "ဖြစ်ပေါ်နေတဲ့ ကျနော်တို့နိုင်ငံရဲ့ အခက်အခဲကနေ ကျော်လွှားနိုင်ဖို့အတွက် တိုင်းသူပြည်သား အားလုံး၊ ကျနော်တို့ရဲ့ လုပ်ဖေါ်ကိုင်ဖက် ညီအစ်ကိုတော်များအားလုံး၊ သက်ဆိုင်ရာနိုင်ငံရေးအဖွဲ့အစည်းကပုဂ္ဂိုလ်များအားလုံး၊ တပ်မတော်အကြီးအကဲများအားလုံးကို ကျနော်ဒီနေရာက ပြောချင်ပါတယ်။ ကျနော်တို့ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုတယ်ဆိုတဲ့အကြောင်း အဲဒီအတွက် ကျနော်တို့တွေဟာ အမုန်းမဖက်ပဲနဲ့ အပြန်အလှန်သင့်မြတ်ရေးကို ရှေ့ရှုပြီးတော့ သာယာဝပြောတဲ့ နိုင်ငံတော်သစ်ကို ထူထောင်ဖို့အတွက် ကျနော်တို့ဆောင်ရွက်နိုင်ဖို့ ဒီနေရာကနေ နှုတ်ခွန်းဆက်ပန်ကြားချင်ပါတယ်။"

ကိုဇော်မင်းလိုပဲ ၁၄ နှစ်ကြာ အကျဉ်းကျခံခဲ့ရပြီး မကြာမီကမှ ပြန်လွတ်လာခဲ့တဲ့ ကိုဌေးကြွယ်ကလည်း "ဒီလိုနှစ်သစ်မျိုး ဆိုလို့ရှိရင် ကျနော်တို့ မြန်မာနိုင်ငံမှာ အလှူအတန်းတွေ၊ သံဃာပွဲတွေနဲ့ ကောင်းသောရည်ရွယ်ချက်တွေနဲ့ လုပ်ကြတာပေ့ါဗျာ။ အဲဒီလို ကာလတွေမှာပဲ တကယ့်လူသားတွေရဲ့ ဂုဏ်သိက္ခာအတွက် ရပ်တည်ပြီးတော့ အမှန်တရားအတွက် ရပ်တည်ပေးတဲ့၊ ဆောင်ရွက်ခဲ့ကြတဲ့ အခုအချိန်အထိအောင် အကျဉ်းထောင်တွေထဲမှာရှိနေတဲ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ကျနော်လွတ်မြောက်စေချင်ပါတယ်။ ပြီးတော့ တကယ်တမ်းအဓိပ္ပါယ်ရှိတဲ့၊ တကယ်တမ်းလက်တွေ့ဆန်တဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ ဖြစ်အောင်လဲ အမျိုးသားအင်အားစုတွေ အားလုံးက တတ်စွမ်းနိုင်သလောက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြပါစို့လို့ပဲ တိုက်တွန်းချင်ပါတယ်။ **စာမျက်နှာ (၉) သို့** ➭

(၁)

## ‘မီးတုတ် မီးတုတ် ရှို့ ရှို့ ဒေါက်တာဘမော် အို့ အို့ အရေးတော်ပုံ အောင်ရမည်’

ရေနံမြေအလုပ်သမားသပိတ်ကြီး ဘာ့ကြောင့်ပေါ်ခဲ့ရတာလဲ။

ကျနော်တို့ငယ်ငယ်က ဖတ်စာထဲမှာပါတဲ့ ရေနံမြေသပိတ်ခေါင်းဆောင် သခင်ဖိုးလှကြီးတို့ ပြောစကားကို အမှတ်ရမိတယ်။

‘သူတို့ကတော့ တိုက်နှင့်တာနှင့်၊ အစေခံနှင့် မော်တော်ကားနှင့် ကျနော်တို့မှတော့ ဆယ်ပေပတ်လည်အခန်းကျဉ်းလေးထဲမှာ မီးမရှိ၊ ရေမရှိ’

ဒီစကားတခွန်းတည်းနှင့်တင် ရေနံမြေသပိတ်ကြီးပေါ်ဖို့ လုံလောက်ခဲ့ပါတယ်။

အဲဒီကာလက အင်္ဂလိပ်နယ်ချဲ့ဟာ မြန်မာနိုင်ငံကို (၉၁)ဌာနအုပ်ချုပ်ရေးပေးထားတဲ့ ကာလပါ။

အရေးကြီးတဲ့ ဌာနတွေကို နယ်ချဲ့အစိုးရက ကိုင်ထားပြီး အရေးမပါတဲ့ (၉၁)ဌာနကို မြန်မာကိုယ်စားလှယ်တွေကို ပေးထားတာကြောင့် ဒေါက်တာဘမော် ညွန့်ပေါင်းအစိုးရ ဆိုတာဟာလည်း ဘာအာဏာမှမရှိ၊ ရုပ်သေးသာသာဘဝနဲ့ အလုပ်သမားများနှင့် နိုင်ငံရေးသမားများကို ဖမ်းဆီးဖိနှိပ်ထောင်ချပေးနေရတဲ့ လက်ကိုင်ဒုတ်အဖွဲ့သာဖြစ်နေခဲ့တာပါ။

အတုဆိုတာ အစစ်လောက်မကောင်းဘူး၊ ဒါ… သေချာပြီးသားတရားတခုပါ။

၁၉၃၀ လောက်ဆီက မြန်မာနိုင်ငံရဲ့ ဘုရင်ခံဟာ မြန်မာနိုင်ငံသားဆာဂျေအေ မောင်ကြီးပါ။

ဒါပေမယ့် ဘုရင်ခံအစစ် မဟုတ်ဘဲ သူရထားတဲ့ လုပ်ပိုင်ခွင့်အာဏာက အတုသာ ဖြစ်နေတော့ ဆရာစံတို့ တင်ပြတောင်းဆိုလာတဲ့ လယ်သမားပြဿနာကို မဖြေရှင်းနိုင်ခဲ့ဘူး။

ဒီလိုပဲ။

ဒေါက်တာဘမော် ရထားတဲ့ လုပ်ပိုင်ခွင့်အာဏာကလည်း အတုသာဖြစ်နေတဲ့အတွက် အလုပ်သမားထုရဲ့ တောင်းဆိုမှုတွေကို ဘာမှမဖြေရှင်းပေးနိုင်ဘဲ ‘ဒေါက်တာဘမော် အို့ အို့’အဆင့်ကို အရောက်ခံလိုက်ရတယ်။

ကျနော်တို့ ဒီမှာတဆက်တည်း စဉ်းမိတာက ကျနော်တို့လည်း နအဖ စစ်အုပ်စုက ချော့လိုက် ခြောက်လိုက်နှင့်တဖက်သတ်ထင်ရာပြုနေတဲ့ ဒီ အမျိုးသားညီလာခံကိုသာ လက်ခံလိုက်ရင် …

သူချထားတဲ့ ဦးတည်ချက် နံပါတ်(၆)နှင့် အခြေခံမူ(၁၀၄)ချက်ကိုသာ လက်ခံလိုက်ရင် …

လယ်သမားပြဿနာကို မဖြေရှင်းနိုင်

အလုပ်သမားပြဿနာကို မဖြေရှင်းနိုင်

ပြည်တွင်းစစ်ပြဿနာကို မဖြေရှင်းနိုင် ဘာပြဿနာဆို ဘာပြဿနာမှ မဖြေရှင်းနိုင်တဲ့ ဘဝကို အသေအချာရောက်သွားမှာပဲလို့ တွေးကြည့်မိတယ်။

(၂)

၁၉၇၄ မေ၊ ဇွန် အလုပ်သမားလှုပ်ရှားမှုများ။ အဲဒီ လှုပ်ရှားမှုတွေဟာ ကျနော့် ရင်ထဲမှာတော့ မနေ့တနေ့ကလိုပါပဲ။ ၁၉၇၄ မှာ တပြည်လုံးဆန္ဒခံယူပွဲအတုကျင်းပပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာကို ၉၀ ရာခိုင်နှုန်းကျော်ထောက်ခံမှုနှင့် အတည်ပြုလိုက်တယ်။

အမဲပုံးထဲကို ဘယ်လောက်ကြီးထည့်ထည့် အဖြူပုံးထဲကို မဲတွေကမဆလ အောက်လမ်းနည်းနဲ့ ခုန်ပေါက်ရွေ့ပြောင်းသွား ကြလေတော့ ၉၀ ရာခိုင်နှုန်းဆိုတာ ဘာဆန်းလို့လဲ။

လူကြည့်ကောင်းအောင်လျှော့ထားတာ။

သူလုပ်ချင်ရင် ၁၀၀ ရာနှုန်းပြည့်တောင်ဖြစ်နိုင်သေးတယ်။

ထားပါတော့။ အဲဒီလို လူထုဆန္ဒကို ပစ်ပယ်ပြီး ငါတကောကောလိုက်တော့ ဘာဖြစ်နိုင်သလဲ။ သေချာတာတွေကတော့ အဲဒီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ပြဋ္ဌာန်းပြီး လပိုင်း အကြာ။

အဲဒီဖွဲ့စည်းပုံအရ ပါတီကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပြီး ပြည်သူ့အစိုးရ တရပ် (တနည်းအားဖြင့်) အရပ်သားအစိုးရ တရပ်ဖွဲ့စည်းလိုက်ပါပြီဆိုပြီး ကြွားလုံးထုတ်လို့ လပိုင်းအကြာ တနိုင်ငံလုံး နေရာအနှံ့အပြားမှာ အလုပ်သမားသပိတ်တွေ ပေါ်လာတယ်။

‘အလုပ်သမားကောင်စီ လွတ်လပ်စွာဖွဲ့စည်းခွင့် ရရှိရေး’



## ဆယ်ပေပတ်လည်ထဲက ဖောက်ထွက်ကြသူများ

ဇွန်မှိုင်း

'ကုန်ဈေးနှုန်းနှင့် ညီမျှတဲ့ လုပ်ခလစာ တိုးပေးရေး'
'အလုပ်သမားများရဲ့ ရပိုင်ခွင့် အပြည့်အဝရရှိရေး'
'ဝန်ထမ်းအိမ်ယာ ရရှိရေး'

စတဲ့ အခြေခံလိုအပ်ချက်တွေကို တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြတယ်။

မြစ်ငယ်မီးရထားတွဲပြင်စက်ရုံက စလိုက်တဲ့သပိတ်ဟာ တနိုင်ငံလုံးကို ပျံ့နှံ့သွားတော့ တယ်။ မဆလ ကသူ့လူတွေနဲ့ (လက်ညှိုးထောင် ခေါင်းငြိမ့်မည့်သူတွေနဲ့) အဖြစ်ဖွဲ့ပေးထားတဲ့ အလုပ်သမားကောင်စီဆိုတာကို အလုပ်သမားထုက လုံးဝလက်မခံကြဘူး။

လက်ခံနိုင်လောက်အောင်လည်း သူတို့မှာက ဘာလုပ်ပိုင်ခွင့်မှ မရှိဘူးလေ။

အလုပ်သမားတွေ တောင်းဆိုတဲ့ အထက်က တောင်းဆိုချက်တွေကို အလုပ်သမားကောင်စီက ဘာမှတာဝန်ခံပြီး ဖြေရှင်းမပေးနိုင်ဘူး။

ဒီအတွက် ...

လစာတချို့တိုးလာတယ်။

နေ့စားလပေးခိုင်းထားတဲ့ သူတွေကို စည်းကမ်းနှင့်အညီ Permanent ခန့်လာရတယ်။

ရှားပါးစရိတ်ဆိုတာရှိလာတယ်။

ဝန်ထမ်းဆန်နှင့် ကုန်ပစ္စည်း (၁၇)မျိုးဆိုတာ ပေါ်လာတယ်။

ဒါပေမယ့် အလကားတော့မရဘူး။

ရန်ကုန် သမိုင်းချည်စက်နှင့် ဆင်မလိုက်သင်္ဘောကျင်းက အလုပ်သမားတွေရဲ့ အသက်တွေနဲ့ ရင်းလိုက်ရတာပါ။

အဲဒါရဲ့ အဆက် ၁၉၇၅ မေ၊ ဇွန်မှာ နှစ်လည်တပွဲ ထပ်ဖြစ်တယ်။

အဲဒီမှာတော့ မဆလ စစ်အုပ်စုဟာ ပစ်တာခတ်တာထိ အရောက်မခံတော့ဘဲ၊ သပိတ်မကြီးခင်မှာ ဖြိုလိုက်တယ်။

သပိတ်ခေါင်းဆောင် အလုပ်သမားတွေကို ရက်ရက်စက်စက် ထောင်ချပစ်လိုက်တယ်။

၁၃နှစ်၊ ၁၆နှစ်၊ ၁၉နှစ်။

အဲဒီကာလက အဲဒီနှစ်တွေဟာ တကယ်ကို ကြောက်ခမန်းလိလိ နှစ်တွေပါပဲ။ ဘာကြောင့် ဒီလောက် အပြိုးတကြီး ချရတာလဲ ဆိုတော့ ...

မဆလ က သူ့ရဲ့ အသစ်စက်စက် ပူပူနွေးနွေး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို 'မလုံခြုံဘူး၊ အသုံးမကျဘူး'လို့ ဒီသပိတ်တွေက အရှက်ခွဲလိုက်တယ်လို့ သူက ယူဆလိုက်တာကိုး။

နိုင်ငံတကာအလယ်မှာ တကယ့်တကယ်လည်း သူတော်တော် အရှက်ကွဲ ခဲ့ပါတယ်။

(၃)

တရားဝင်စာရင်းအရ ထိုင်းမှာ မြန်မာအလုပ်သမားတွေဟာ ၉ သိန်း ၂ သောင်း ရှိပါ တယ်။ တရားမဝင်နေသူတွေပါ ပေါင်းလိုက်ရင် သိန်း ၂၀ ကျော်လောက်ရှိတယ်လို့ ဆိုပါတယ်။

ဒါ ... ဘာဖြစ်တာလဲ။ ကျနော်တို့က လာချင်လွန်းလို့လား။

ကျနော်တို့က ဒီလို တခြားနိုင်ငံမှာ ဒီလိုလာလုပ်ကြတော့ရော ကျနော်တို့မှာ အာမခံချက် ဘယ်လောက်ရှိနေပြီလဲ။

အနိမ့်ဆုံး နေ့စားလုပ်ခဟာ (၁၃၉)ဘတ်ပါလို့ သိနေရက်နဲ့ကိုပဲ ဘတ် (၅၀)နဲ့ လုပ်လိုလုပ်ရ၊ ဘတ် (၆၀)နဲ့ လုပ်လိုလုပ်ရ၊ ဘတ် (၇၀)နဲ့ လုပ်လိုလုပ်ရ။

ဒီကြားထဲ ... အမျိုးမျိုးမလုံခြုံမှုတွေ၊ အနိုင်ကျင့်ခံရမှုတွေကလည်း ရှိနေပြန်တယ်။

အခုပဲ တောရကျောင်းမှာ အလုပ်သမား (၁၅၀)ကျော် တပ်စွဲထားရတာကိုပဲ ကြည့်တော့။

ဒါဖြင့် ပြည်တွင်းမှာရော ဘယ်လိုလဲ။

ဧပြီလ တလထဲမှာကို ... လှိုင်သာယာ ဝမ်ဟုတ်ယမ် အထည်ချုပ်စက်ရုံမှာ သပိတ်တခု။

- အလုပ်သမား (၁၀၀၀)ကျော်ရဲ့ လုပ်ခလစာ တိုးမြှင့်ပေးရေး။
- မနက် (၅)နာရီကနေ ည (၉)နာရီထိ ခိုင်းစေမှုတွေ ရပ်တန့်ပေးရေး။

နောက်တခုက လှိုင်သာယာ ဂတ်စတန် အထည်ချုပ်စက်ရုံသပိတ်။

စက်ရုံက အလုပ်သမား (၆၀၀)ကျော်ရဲ့ တောင်းဆိုချက်က 'Bonus ဆု အပြည့်အဝရရှိရေး'။

ဒီမှာလည်း အရင်းအနှီးပေးရတာတွေရှိတယ်။

တောင်းတဲ့ Bonus ကိုတော့ အပြည့်ပေးတယ်။ အလုပ်သမလေး (၄)ယောက်ကိုတော့ ဖမ်းလိုက်တယ်။

(၄)

ကျနော် စဉ်းစားမိတာကတော့ ...

လူထုကြီး မလွတ်မြောက်မချင်း အလုပ်သမားတွေ မလွတ်မြောက်နိုင်ဘူး။

အလုပ်သမားထုကြီးရဲ့ အကျိုးစီးပွားနဲ့ လူထုကြီးရဲ့ အကျိုးစီးပွားဟာ တထပ်တည်းပဲမို့။

ကျနော်တို့အားလုံး ဒီထက်ပိုညီညွတ်ကြရမယ်။ ဒီထက်ပိုကြိုးစားကြရမယ်။

ဒီနေ့ထိ ၁၀ ပေ ပတ်လည် အခန်းကျဉ်းထဲက မတက်နိုင်သေးတဲ့ ဘဝတွေကို ကျနော်တို့ကိုယ်တိုင် ပိုင်းဖြတ်မှုရှိရှိ တိုက်ဖွင့်ကြ ရပါလိမ့်မယ်။

ကမ္ဘာကြီးက ရှေ့ကို အရှိန်အဟုန်နဲ့ ပြေးနေတဲ့ အခိုက်မှာ ...

ကျနော်တို့ အမီလိုက်နိုင်ဖို့ဆိုရင် ...

'မီးတုတ် မီးတုတ် ရှူ့ ရှူ့'
'ဒေါက်တာဘမော် အို့ အို့'

ဆိုတဲ့ စိတ်ဓါတ်ကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားဖို့ လိုလိမ့်မယ်လို့ ကျနော် အလေးအနက်ယုံတယ်။ ။

**ဇွန်မိုး** ■

*မေ (၁) ရက်၊ ၂၀၀၅ ခုနှစ်။*

---

Forum for Democracy in Burma

PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com

# အကျဉ်းထောင်များအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေ

ပြီးခဲ့သည့် ၂၀၀၄ ခုနှစ် စက်တင်ဘာလ ဗိုလ်ချုပ်ခင်ညွန့်ကို ရာထူးမှ ဖယ်ရှားခဲ့ပြီး နောက်ပိုင်း အကျဉ်းသား ၂၀၀၀ နီးပါးကို နအဖ စစ်အစိုးရမှ ပြန်လွှတ်ပေးခဲ့သည်။ ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသား ၈၆ ဦးသာ ပါလာသည့်အတွက် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အစိုးရများက မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများနှင့်ပတ်သက်၍ အထူးစိုးရိမ်လျက်ရှိလာသည်။

> **ကျောင်းသားများသည် စာသင်ခန်းများတွင် ရှိနေရမည့်အစား အကျဉ်းခန်းများတွင် ရှိနေရခြင်းသည်ပင်လျှင် တိုင်းပြည်တခု၏ တိုးတက်ဖြစ်ထွန်းရေးအတွက် ကြီးမားသော စိန်ခေါ်မှုတခုပင် ဖြစ်ပေသည်။**

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ကို ထောင်သက်တမ်းထပ်တိုးခြင်း၊ တိုင်းရင်းသား ခေါင်းဆောင်များကို ဖမ်းဆီးခြင်းများကို နအဖ စစ်အစိုးရက ဆက်တိုက် ပြုလုပ်လာခဲ့သည်။

အကျဉ်းထောင်တွင်း နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေ ပိုမို ဆိုးဝါးလာခဲ့သည်။ အထူးသဖြင့် အသက်ငယ်ရွယ်သော ကျောင်းသားနိုင်ငံရေး အကျဉ်းသားများ၏ ကျန်းမာရေးမှာ ပိုမို ဆိုးရွားလာခဲ့သည်။

အခုလိုနိုင်ငံရေးအကျဉ်းသားများ ကျန်းမာရေးအခြေအနေ ဆိုးရွားလာခြင်းမှာ အဓိကအားဖြင့် ရောဂါဖြစ်ပွားချိန်တွင် လုံလောက်သော ဆေးဝါးကုသမှု မပေးနိုင်မှုနှင့် ကျွမ်းကျင်သော ဆရာဝန် မရှိခြင်း၊ ကျောင်းသားများအပေါ် စိတ်ဓာတ်ချိုးနှိမ်လိုခြင်းများကြောင့် ဖြစ်သည်ဟု နယ်စပ်အခြေစိုက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်-နိုင်ငံခြားရေးရာ ကော်မတီနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)တို့၏ ထုတ်ပြန်ကြေညာချက်များက ဖော်ပြထားသည်။

ထိုကျောင်းသားများတွင် အရေပြားရောဂါ၊ ဝမ်းလျှော ဝမ်းကိုက်ရောဂါ၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများအပြင် စိတ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများလည်း ခံစားနေရကြောင်း ထိုကြေညာချက်များအရ သိရှိရသည်။

ယခုအပတ်အတွင်း ကျောင်းသားများဖြစ်သည့် ရဲကျော်စွာ၊ သက်နောင်စိုး၊ သက်ဝင်းအောင်၊ မျိုးမင်းဇော်၊ ကျော်လင်းထွန်း၊ နေလင်းစိုး တို့၏ ကျန်းမာရေး အခြေအနေများမှာ အထူးစိုးရိမ်ရသော အခြေအနေနှင့် ရင်ဆိုင်နေရသည် ဟုလည်း ထိုကြေညာချက်များက ဖော်ပြထားပေသည်။

အနာဂတ် မြန်မာနိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် မျိုးဆက်သစ်များဖြစ်လာမည့် ထိုကျောင်းသားများသည် စာသင်ခန်းများတွင် ရှိနေရမည့်အစား အကျဉ်းစခန်းများတွင် ရှိနေရခြင်းသည်ပင်လျှင် တိုင်းပြည်တခု၏ တိုးတက်ဖြစ်ထွန်းရေးအတွက် ကြီးမားသော စိန်ခေါ်မှုတခုပင် ဖြစ်ပေသည်။

မြန်မာစစ်အစိုးရသည် ထိုကဲ့သို့ ကျောင်းသားများအပေါ် အာဃာတကြီးစွာ ဆက်ဆံသွားမည်ဆိုလျှင် ၎င်းတို့ ပြောဆိုနေသည့် ဒီမိုကရေစီရေး တိုးတက်ဖြစ်ထွန်းနေပါသည်ဆိုသည့် အချက်အပေါ်တွင်များစွာ သံသယ ထားရမည် ဖြစ်ပေသည်။

**နိုင်ကျော်** ■ *မေ ၂၈၊ ၂၀၀၅*

---

☞ စာမျက်နှာ (၆) မှ

ပြန်လည်လွှတ်မြောက်လာတာ တလလောက်ပဲရှိသေးတဲ့ ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကတော့ "ပဏာမအနေနဲ့ပေါ့ဗျာ မြန်မာ့ဓလေ့ထုံးစံနဲ့အလျှောက် နှစ်သစ်မှာ ကျနော်တို့ ဝါရင့်နိုင်ငံရေးသမားကြီးတွေ နိုင်ငံရေးပါတီအဖွဲ့အစည်း အသီးသီး တပ်မတော်နဲ့ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးက ဒီသက်ကြီးဝါကြီးအားလုံးကို ဒီလေလှိုင်းထဲက တဆင့်ပဲ ဂါရဝပြုလိုက် ပါတယ်။ ဘာပဲပြောပြော ကျနော်တို့ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးပြန်ပြီပေါ့ဗျာ။ အခုအချိန်ဟာ ကျနော်တို့ နိုင်ငံနဲ့ နိုင်ငံသားတွေအားလုံးအတွက် နိုင်ငံသစ်တည်နေတဲ့ ကာလပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နှစ်ဟောင်းက တဦးအပေါ်တဦး သံသယတွေ မယုံကြည်မှု တွေ အာဃာတတွေကို ချန်ထားခဲ့ကြဖို့။ အဲနှစ်သစ်မှာ အပြန်အလှန်အသိအမှတ်ပြုမှု အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် လေးစားမှုတွေအပေါ်မှာ အခြေခံပြီးတော့ လက်ရှိအမျိုးသားရေးအကျပ်အတည်းကို ဆွေးနွေးညှိနှိုင်း ဖြေရှင်းနိုင်ကြဖို့ ဆန္ဒပြုပါတယ်။ နိုင်ငံသူနိုင်ငံသားအားလုံးအတွက်ကတော့ ဒီမြန်မာသက္ကရာဇ် ၁၃၆၇-ခုနှစ် နှစ်သစ်မှာ မြန်မာနိုင်ငံတိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး နိုင်ငံသူနိုင်ငံသားတွေအားလုံးအတွက် မင်္ဂလာနှစ်သစ်ဖြစ်ပါစေ။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို ပြည့်ပြည့်ဝဝ ထွန်းကားပါစေ။ နိုင်ငံတကာ မိသားစုများအကြား ဂုဏ်သိက္ခာရှိသော လူမျိုး၊ ဂုဏ်သိက္ခာရှိသော နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ပါစေလို့ ကျနော်ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျာ။"

ရှစ်လေးလုံးကာလကြီးမှာ ကျောင်းသားပြည်သူတွေက ချစ်ခင်တဲ့ ကျောင်းသားခေါင်းဆောင်တဦးလည်းဖြစ်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌလည်းဖြစ်တဲ့ များမကြာမီကမှ စစ်တွေအကျဉ်းထောင်အတွင်းက ပြန်လည်လွှတ်မြောက်လာခဲ့တဲ့ ကိုမင်းကိုနိုင်က ထောင်က လွှတ်လွှတ်ချင်း အကျဉ်းကျခံနေရဆဲရဲဘော်တွေရဲ့ မိသားစုတွေကို သွားရောက်တွေ့ဆုံ အားပေးခဲ့ရတာတွေကို ပြန်လည်ခံစားရင်းက နှုတ်ခွန်းဆက်စကားပါးလိုက်တာကတော့ "အားပေးစကားပြောတဲ့အခါမှာ တချို့မိခင်တွေဆိုရင် ပြန်မလာနိုင်တဲ့သားတွေကို နောက်ဆုံးထွက်သက်အထိ မျှော်လင့်လျက် ဘဝကူးသွားကြတဲ့မိခင်တွေကို ကျနော် သိလိုက်ရတယ်။ တချို့မိခင်တွေဆိုရင် နောက်ဆုံးအချိန်ကို စောင့်နေရတဲ့ အချိန်မျိုးတွေကိုတောင် ရောက်နေပြီ။ အဲဒီတော့ မိသားစုတွေအားလုံးပြန်ဆုံဖို့ လိုပါတယ်။ ကျနော်တို့က ထောင်ထဲရောက်နေတဲ့ သားသမီးတွေတင်မကဘူး။ နိုင်ငံတကာမှာ အကြောင်းအမျိုးမျိုးနဲ့ ပင်ပန်းဆင်းရဲစွာနဲ့ မျက်နှာငယ်ငယ်နဲ့ လှုပ်ရှားရုန်းကန် နေရတဲ့ ကျနော်တို့ရဲ့ ညီအစ်ကို မောင်နှမတွေ အားလုံးကိုလည်း လူစုံစေချင်တဲ့ဆန္ဒ ကျနော်တို့မှာ နက်နက်ရှိုင်းရှိုင်းကြီးခံစားနေရပါတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ ညီအစ်ကို မောင်နှမတွေ ပြန်ဆုံနိုင်မယ့်အချိန် ကျနော်တို့ရဲ့ တိုင်းပြည်ဆိုတဲ့ ကျနော်တို့ရဲ့ အမိမြေရဲ့နာတာရှည်ရောဂါသည်ကြီးက သားသမီးတွေပြန်ဆုံလို့၊ သားသမီးတွေ မျက်နှာမြင်လိုက် ရရုံနဲ့ ထပြီးတော့ထိုင်နိုင်မှာပါ။ လူသားအားလုံးဟာ အကြောက်တရားက နေပြီးတော့ ကင်းလွတ်ကြဖို့။ အနှောင်အဖွဲ့တွေ အားလုံးက ကင်းလွတ်ကြဖို့ ဘယ်သူကတော့င့်ါကို တိုက်ခိုက်နေမလဲ။ ဘယ်သူကတော့ ငါ့ရဲ့ လက်ရှိအနေအထားကို ဖျက်ဆီးနေမလဲဆိုတဲ့ အကြောက်တရားကနေ ကင်းဝေးကြဖို့ ကျနော်ဆန္ဒရှိပါတယ်။ ဩ... ကျနော်တို့ မိဘပြည်သူတွေ အားလုံးအတွက်ပေါ့လေ။ ကျနော်တို့ လူငယ်တွေရော ကျောင်းသားတွေရော အားလုံးအတွက်ပါ။ ပြည်ထောင်စုကြီးအတွင်းမှာနေကြတဲ့ ပြည်ထောင်စုသားတွေရော အားလုံး အားလုံးအတွက် ကျနော်ရည်စူးပြီးတော့ ပြောချင်တာကတော့ ဟိုးဒီမိုကရေစီခေတ်တုန်းကလိုပေါ့ဗျာ ကျောင်းတွေမှာ ကျောင်းသားတွေ စုပေါင်းဆိုခဲ့ရတဲ့ နိုင်ငံတော်သီချင်းရဲ့ အစလိုပေါ့ဗျာ 'တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ' ဆိုတဲ့ သီချင်းအစလိုပါပဲ ကျနော်တို့က မင်္ဂလာရှိတဲ့ နှစ်သစ်အတွက် မင်္ဂလာရှိတဲ့ အလုပ်ကို လုပ်ကြဖို့ဆိုတာ အဲဒီသီချင်းလေးကို သတိရကြပါလို့ ကျနော်မေတ္တာရပ်ခံချင်ပါတယ်။ အားလုံးအတွက်ပါခင်ဗျာ။"

**မင်းနိုင်** ■

# အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၊ စစ်အစိုးရနှင့် အာဆီယံပေါ်လစီ အလှည့်အပြောင်း

၂၀၀၅ ခုနှစ် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ အဆူပွက်ဆုံးဖြစ်ရတဲ့နှစ်လို့ ပြောရပါလိမ့်မယ်။ ၁၉၉၇ ခုနှစ် တုန်းက မြန်မာနိုင်ငံ အာဆီယံအသင်းဝင်ဖြစ်ရေး အခြေအနေထက် ပိုမိုသဲမဲတဲ့ ငြင်းခုန်မှုတွေ၊ စိန်ခေါ်ချက်တွေကို အာဆီယံအသင်းကြီးအတွင်း ရင်ဆိုင် ရမယ့် နှစ်ပါ။ ငြင်းခုန်မှုတွေကတော့ မြန်မာနိုင်ငံကို လာမယ့်နှစ် ၂၀၀၆ခုနှစ် အာဆီယံအသင်းကြီးရဲ့ အလှည့်ကျ ဥက္ကဋ္ဌနေရာ ပေးသင့် မသင့်ကိစ္စ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကလက်မခံတဲ့ စစ်အာဏာရှင်ပုံစံ ရေရှည်အသက်သွင်းဖို့ ကြိုးစားနေတဲ့ မြန်မာစစ်အစိုးရကို အလှည့်ကျ ဥက္ကဋ္ဌပေးလိုက်ရင် အာဆီယံအဖွဲ့ကြီးရဲ့ ဂုဏ်သိက္ခာကျဆင်းဖွယ်ရှိတယ်လို့ အဆိုပြုချက်တွေ ပေါ်လာပါတယ်။ ဒါကို အာဆီယံ အစိုးရတွေဖက်က မျက်လုံးစုံမှိတ်ပြီး မြန်မာစစ် အစိုးရကို အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ ခွင့်ပြုမယ် ဆိုရင်တော့ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပ သမဂ္ဂနိုင်ငံ တွေက လာမယ့် အာဆီယံထိပ်သီး ဆွေးနွေးပွဲကို တတ်ရောက်မှာမဟုတ်ပဲ သပိတ်မှောက်မယ်ဆိုတဲ့ စိန်ခေါ်ချက်ကလည်း ရှိနေပြန် ပါတယ်။ သည်အချက်ဟာ အာဆီယံ အသင်းဝင် နိုင်ငံအားလုံးရဲ့ စီးပွားရေးအကျိုးစီးပွား၊ နိုင်ငံရေးအကျိုးစီးပွားတွေနဲ့ ဆက်နွယ်လာတာကြောင့် အာဆီယံနိုင်ငံတွေအကြားမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ သည်နှစ်မှာ အလှုပ်ခတ်ဆုံးဖြစ်ရပါ တယ်။ အာဆီယံအသင်းကြီးရဲ့ မြန်မာနိုင်ငံအပေါ်ထားတဲ့ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးပေါ်လစီကိုတောင် အာဆီယံအသင်းဝင်နိုင်ငံတွေအကြားမှာ ပြန်လည်မေးခွန်းထုတ်စ ပြုလာပါတယ်။

မြန်မာနိုင်ငံကို လာမယ့်နှစ် အလှည့်ကျ ဥက္ကဋ္ဌ မပေးရေးအတွက် ကျယ်ကျယ်လောင်လောင် ပြောဆိုလာတဲ့အထဲမှာ အာဆီယံနိုင်ငံတွေ အတွင်းက ဥပဒေပြုလွှတ်တော်အမတ်တွေက ထိပ်ဆုံးက ပါဝင်ပါတယ်။ နိုင်ငံအလိုက်က သည်အမတ်တွေ စုဖွဲ့ပြီး သူတို့ပါလီမန်တွေ အတွင်းမှာ မြန်မာနိုင်ငံအရေး အဖွဲ့လေးတွေလည်း ဖွဲ့စည်းဖို့ ကြိုးစားချက်တွေ တွေ့လာရပါတယ်။ အာဆီယံအသင်းကြီးအတွင်း ပါလီမန်ဒီမိုကရေစီ စနစ်ကျင့်သုံးတယ်လို့ဆိုရမယ့် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတို့က ဥပဒေပြုအမတ်တွေက သည်လှုပ်ရှားမှုမှာ အတတ်ကြွဆုံး ဦးဆောင်ပါတယ်။

ယခုနှစ် ဧပြီလအတွင်းက ဖိလစ်ပိုင်နိုင်ငံမှာ ပြုလုပ်တဲ့ ၁၁၂ ကြိမ်မြောက် နိုင်ငံတကာပါလီမန်အမတ်များသမဂ္ဂ ညီလာခံအပြီး ထုတ်ပြန်ချက်ထဲမှာ မြန်မာနိုင်ငံအခြေအနေနဲ့ပတ်သက်လို့ နိုင်ငံတကာ ဥပဒေပြုအမတ်တွေရဲ့ စိုးရိမ်ချက်ကို တခုတ်တရ ဖော်ပြခဲ့ပါတယ်။ မြန်မာ့ဒီမိုကရေစီရေး ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာနိုင်ငံက လွှတ်တော် ကိုယ်စားလှယ်တွေကို မြန်မာစစ်အာဏာပိုင်ဖက်က ဖမ်းဆီးထိန်းသိမ်း ထားတဲ့ကိစ္စကို ကန့်ကွက်ထားပြီး၊ မြန်မာစစ်အစိုးရကျင်းပနေတဲ့ အမျိုးသား ညီလာခံဆိုတာဟာ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းနဲ့ တလွဲစီဖြစ်နေတယ်လို့ သည်ကြေညာချက်မှာ ဝေဖန်ခဲ့ပါတယ်။ သည်ညီလာခံကြီးရဲ့ အပြင်ပန်း မှာတော့ တတ်ရောက်လာတဲ့ အာဆီယံ ဥပဒေပြုအမတ်တွေဟာ လာမယ့် ၂၀၀၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာစစ်အစိုးရကို ထားရေး မထားရေး သဘောထားတွေ ဆွေးနွေးခဲ့ကြပါတယ်။

> “ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ အဆူပွက်ဆုံးဖြစ်ရတဲ့နှစ်လို့ ပြောရပါလိမ့်မယ်။ ”

ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလအတွင်းကလည်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာ အာဆီယံနိုင်ငံ ပါလီမန်အမတ်တွေ စုစည်းပြီး မြန်မာပြည် ဒီမိုကရေစီရေးဆိုင်ရာ ဆွေးနွေးပွဲတရပ်ကို ကျင်းပခဲ့ပါတယ်။ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံတွေက ဥပဒေပြုပါလီမန်အမတ်တွေ တတ်ရောက်ခဲ့ပြီး မြန်မာပြည်အရေးနဲ့ပတ်သက်လို့ သူတို့အမြင်တွေကို စုစည်းဖော်ထုတ်လိုက်ကြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နိုင်ငံရေးပါတီတွေပါဝင်ခြင်းမရှိပဲ ဒီမိုကရေစီစံ ကင်းမဲ့နေတဲ့ မြန်မာစစ်အစိုးရရဲ့ လမ်းညွှန်မြေပုံဟာ တရားဝင်မှုမရှိဘူးလို့ သူတို့ရဲ့ အမြင်ကို ဖော်ပြခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေး အကျဉ်းသား တွေ မလွှတ်ဘူး နိုင်ငံရေးအရ စစ်မှန်တဲ့ပြုပြင်ပြောင်းလဲရေး တွေ မလုပ်ဘူးဆိုရင် မြန်မာနိုင်ငံဟာ လာမယ့် ၂၀၀၆ အလှည့်ကျ အာဆီယံ ဥက္ကဋ္ဌရာထူး မရထိုက်ဘူးလို့လည်း အာဆီယံ ပါလီမန်အမတ်တွေက သူတို့သဘောဆန္ဒကို တရားဝင် ဖော်ပြခဲ့ကြပါတယ်။ တဆက်တည်းဆိုသလို မြန်မာနိုင်ငံအပေါ်ထားတဲ့ အာဆီယံရဲ့ အပြုသဘော ဆက်ဆံရေး ပေါ်လစီကို ပြန်လည်ဆန်းစစ်ဖို့လည်း သတိပေးခဲ့ကြပါတယ်။

မြန်မာနိုင်ငံကို အလှည့်ကျအာဆီယံ ဥက္ကဋ္ဌထားရေး မထားရေး ကိစ္စအပေါ်မှာ အာဆီယံအသင်းကြီးအနေနဲ့ အနောက်နိုင်ငံတွေရဲ့ ဖိအားကိုတင် ရင်ဆိုင်နေရတာ မဟုတ်ပဲ၊ အာဆီယံတွင်းမှာလည်း ငြင်းခုံမှုတွေ ရင်ဆိုင်နေရတာပါ။ ပြီးခဲ့တဲ့ ဧပြီလက ဖိလစ်ပိုင်နိုင်ငံမှာ ဆုံတွေ့ခဲ့ကြတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာလည်း မြန်မာနဲ့ ၂၀၀၆ အလှည့်ကျ အာဆီယံဥက္ကဋ္ဌအရေးဟာ အလှုပ်ခတ်ဆုံး အကြောင်းအရာ ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို ၂၀၀၆ အလှည့်ကျ ဥက္ကဋ္ဌမထားရေး အာဆီယံဥပဒေပြုအမတ်တွေရဲ့ အဆိုပြုချက်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီး လေးဦးက ထောက်ခံမှုပြခဲ့တယ်လို့ သတင်းတွေက ဖော်ပြခဲ့ပါတယ်။ လာအို၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့က အလှည့်ကျ ဥက္ကဋ္ဌဖြစ်ရေးအတွက် မြန်မာနိုင်ငံမှာ အခွင့်အရေးရှိပါတယ်လို့ ထောက်ခံနေကြသလို၊ မလေးရှား ဖိလစ်ပိုင်နဲ့ စင်ကာပူနိုင်ငံတို့ကတော့ မြန်မာနိုင်ငံမှာ ထင်သာမြင်သာတဲ့ နိုင်ငံရေးပြောင်းလဲမှုတွေကို လိုလားနေတယ်လို့ သတင်းတွေက သုံးသပ်ကြပါတယ်။ မြန်မာ့အရေးနဲ့ပတ်သက်လို့ အာဆီယံ အသင်းကြီးအတွင်းမှာတင် စိတ်ဝမ်းကွဲမှု ဖြစ်ခဲ့ရပါတယ်။

ဒါနဲ့တဆက်တည်းဆိုသလိုပဲ မြန်မာနိုင်ငံအပေါ်ထားတဲ့ အာဆီယံအသင်းကြီးရဲ့ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးပေါ်လစီကိုပါ အာဆီယံအတွင်း ဖြောင်ဝေဖန်မှုတွေ ပေါ်လာပါတော့တယ်။ ၂၀၀၆ အလှည့်ကျဥက္ကဋ္ဌကိစ္စအကြောင်းပြုပြီး အာဆီယံအသင်းကြီးရဲ့ မြန်မာနိုင်ငံအပေါ်ထားတဲ့ ပေါ်လစီ ရွှေ့ပြောင်းစပြုပြီလားလို့ မေးခွန်းထုတ်ချင်စရာ ဖြစ်လာပါတယ်။ အခြားနိုင်ငံအရေးဝင်မစွက်ရဘူးဆိုတဲ့ အခြေခံရပ်တည်ချက်ရှိနေပေမယ့်၊ ဒေသတခုလုံးရဲ့ စီးပွားရေးအကျိုးစီးပွား၊ လုံခြုံရေးဆိုင်ရာကိစ္စတွေနဲ့ ယှဉ်လာရင်တော့ အာဆီယံအသင်းကြီးအတွက် မြန်မာ့အရေးပေါ်လစီနဲ့ပတ်သက်လို့ ပြန်လည်စဉ်းစားရမှာ ကေန်မုချပါ။

ပြီးခဲ့တဲ့ဧပြီလ ဖိလစ်ပိုင်နိုင်ငံခြားရေးအစည်းအဝေးမှာတော့ မြန်မာစစ်အစိုးရနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ




ယူရေးကိစ္စဟာ မြန်မာနိုင်ငံရဲ့ကိစ္စဖြစ်တယ်လို့ ဆိုပြီး၊ နောက်ပိုင်းမှာ ဥက္ကဌ ယူသင့် မသင့်ကို သူတို့ကိုယ်တိုင် စဉ်းစားဆုံးဖြတ်မယ်လို့ ဆိုပါတယ်။ သည်နောက်မှာတော့ မြန်မာစစ်အစိုးရအနေနဲ့ အာဆီယံအလှည့်ကျ ဥက္ကဌ ရာထူး ဒါမှမဟုတ် ရန်ကုန်မှာကျင်းပမယ့် ၂၀၀၆ အာဆီယံထိပ်သီး ဥက္ကဌနေရာကို သူ့သဘောနဲ့သူ နုတ်ထွက်နိုင်တယ်လို့ ထင်ကြေးပေး လာကြပါတယ်။

၂၀၀၆ အာဆီယံထိပ်သီး ရန်ကုန်မှာကျင်းပရင်တော့ အမေရိကန် ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂက မတတ်ရောက်နိုင်ဘူးလို့ စိန်ခေါ်ထား ပါတယ်။ ဒါကြောင့် ၂၀၀၆အလှည့်ကျ ဥက္ကဌအဖြစ် မြန်မာစစ်အစိုးရ ဖြစ်လာရင်တော့ အာဆီယံအသင်းကြီးနဲ့ အနောက်နိုင်ငံတွေအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ အကူအညီကိစ္စတွေ လိပ်ခဲတည်းလည်း ဖြစ်ရမယ့် အခြေအနေပါ။ ထင်ကြေးပေးသလို မြန်မာစစ်အစိုးရဖက်က အလှည့်ကျဥက္ကဌမယူပဲ ရှောင်ပြေးထွက်သွားရင်လည်း စစ်အစိုးရအတွက် အာဆီယံအတွင်း နောင်ရေးအေးရပြီလို့ မဆိုနိုင်ပါ။ အာဆီယံအဖွဲ့အတွင်းမှာ သည်လိုပုံစံမျိုးနဲ့တော့ စစ်အစိုးရရှိနေသရွေ့ အကဲစမ်းမှုတွေ အချေအတင် ငြင်းခုံစိတ်ဝမ်းကွဲမှုတွေ ရှိနေဦးမှာပါ။ ဒါမှမဟုတ် အာဆီယံရဲ့ မြန်မာနိုင်ငံ အပေါ်ထားတဲ့ ပေါ်လစီ ရွေ့လျောမှု မကြာခင်မှာ ဖြစ်နိုင်ပါတယ်။

မြန်မာစစ်အစိုးရအတွက်တော့ နိုင်ငံတကာမျက်နှာစာမှာ ခြေချွင့် ကျဉ်းသထက်ကျဉ်းလာမယ့် အခြေအနေဆိုက်လာနေပါပြီ။ အာဆီယံ အသင်း ဝင်နိုင်ငံတွေရော နိုင်ငံတကာကရောပြောနေတဲ့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှု တွေကို ဒီမိုကရေစီနည်းကျကျ ဆောင်ရွက်မလား၊ ဒါမှမဟုတ် ငါ့မြင်းငါစိုင်း စိတ်ဓါတ်နဲ့ စစ်အာဏာရှင်အသက်ဆက်ရေးလုပ်ငန်းစဉ်ကိုပဲ ဆက်အကောင် အထည်ဖော်မလားဆိုတာဟာ စစ်အစိုးရဖက်က ရွေးခြယ်ခွင့်ပါ။ သည်အပေါ် မှာ ဒေသတွင်းနိုင်ငံတွေအပါအဝင် နိုင်ငံတကာနဲ့ မြန်မာလူထုက စစ်အစိုးရကို တုန့်ပြန်မှာဖြစ်ပါတယ်။ ၂၀၀၆ အာဆီယံ အလှည့်ကျဥက္ကဌယူလိုက်ခြင်း၊ ဥက္ကဌရာထူးကို မယူနိုင်ဘူးလို့ ကိုယ်တိုင်ပယ်ဖျက်လိုက်ခြင်း လုပ်ရပ်များ နဲ့လည်း တုန့်ပြန်လာမယ့် အခြေအနေတွေကို ရှောင်လွဲလို့ မရနိုင်ပါဘူး။ ဒါပေမယ့် ၂၀၀၆အာဆီယံအလှည့်ကျဥက္ကဌဆိုင်ရာ အရေးအခင်းဟာ အာဆီယံအသင်းကြီးရဲ့ မြန်မာနိုင်ငံအပေါ် ပေါ်လစီအရွေ့အပြောင်းတခု ဖြစ်နိုင်သလို၊ အာဆီယံအသင်းကြီးတခုလုံးရဲ့ အလှည့်အပြောင်းတရပ်လည်း ဖြစ်နိုင်ပါတယ်။

**မိုးခိုင်** ■

---

☞စာမျက်နှာ (၁၆) မှ

ကာကွယ်စောင့်ရှောက်ခြင်း၊ ကလေးအလုပ်သမားစေခိုင်းမှုမှ တားဆီးခြင်း၊ ကလေးများအား လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကို တားဆီး စောင့်ရှောက် ပေးခြင်း စသည်တို့ဖြစ်သည်။

ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေးများ ဆိုသည်မှာ ၎င်းတို့နှင့် ပတ်သတ်သော အကြောင်းအရာများကို တိုင်ပင်ဆွေးနွေးရာတွင် အသိပေး ခြင်း၊ ၎င်းတို့၏ ယူဆချက်များကို ထည့်သွင်းစဉ်းစားခြင်း တို့ကိုဆိုလိုသည်။ လွတ်လပ်စွာ တင်ပြပြောဆိုခွင့်၊ အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ကို ဆိုလိုသည်။ ကလေးများဖွံ့ဖြိုးလာမှုနှင့် လိုက်လျောညီထွေစွာ ၎င်းတို့၏ပတ်ဝန်းကျင် လူ့ဘောင်လုပ်ငန်းများအတွက် တိုးတက်ပါဝင်ခွင့် ပေး မှသာ အရွယ်ရောက်လာချိန်တွင် တာဝန်သိတတ်သော လူသားတယောက် ဖြစ်လာစေပေမည်။ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပတ်သက် ၍ အပိုဒ်ခွဲ ၅၄ ခုပါရှိပြီ လူ့အခွင့်အရေး ပညာရေးဌာန (မြန်မာနိုင်ငံ) HREIB မှ အပိုဒ် ၄၀ ကို ဘာသာပြန်၍ စာအုပ်တအုပ် ထုတ်ထားပြီးဖြစ်သည်။

အသေးစိတ်လေ့လာလိုလျှင် အင်္ဂလိပ်ဘာသာဖြင့် လေ့လာလိုလျှင် အင်တာနက် စာမျက်နှာ www.unhchr.ch/html/menu3/b/k2crc.html တွင် တက်ရောက်လေ့လာနိုင်ပြီး မြန်မာလိုလေ့လာလိုလျှင် www.hreib. org/images/CRC.pdf တွင် တက်ရောက်လေ့လာနိုင်ပါတယ်။

* အထက်ပါအချက်အလက်များသည် လူ့အခွင့်အရေး ပညာရေးဌာန (မြန်မာနိုင်ငံ) မှ ထုတ်ဝေသော ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် စာအုပ်မှ ကူးယူဖော်ပြခြင်းဖြစ်သည်။

# "အပြီးအပိုင်စွန့်လွှတ်လိုက်ရင် ထာဝရရှုံးနိမ့်ရလိမ့်မယ်"

(၁)

တကယ်တော့ မနှိုင်းယှဉ်သင့်ဘူးပေါ့ဗျာ။

ဒါပေမယ့်လည်း နှိုင်းယှဉ်မှုမှမရှိတော့ရင် အရာကိစ္စတွေရဲ့ အဆိုးနဲ့ အကောင်း၊ အတိတ်နဲ့ပစ္စုပ္ပန်၊ အတိုးနဲ့အဆုတ်၊ အတက်နဲ့အကျ၊ အရှုံးနဲ့ အမြတ် ဆိုတာတွေကို ကျနော်တို့ ဘယ်လိုလုပ်ပြီး နားလည်နိုင်တော့မှာလဲ။

ဒီတော့ နှိုင်းယှဉ်ကြည့်ဖို့လိုပါတယ်။

နှိုင်းယှဉ်ကြည့်လိုက်တော့ဗျာ အရာကိစ္စတခုနဲ့တခု၊ ပုဂ္ဂိုလ်တဦး နဲ့ တစ်ဦး၊ ပါတီအဖွဲ့အစည်းတစ်ခုနဲ့ တခုရဲ့ ကွဲပြားမှုနဲ့တူညီမှုတွေကို သိနားလည်လာနိုင်မယ်မဟုတ်ပါလား။

(၂)

မြန်မာ့အလင်းသတင်းစာထဲမှာ ဖော်ပြထားတဲ့ 'လက်နက်နဲ့ ငြိမ်းချမ်းရေးအပြီးအပိုင်လဲ'ရခဲ့တဲ့ (SSNA) တပ်မဟာ (၁၁)က ဦးကန်နရဲ့ပြောဆိုချက်ကတော့ –

လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲရတာဟာ 'ဘယ်သူမှ တိုက်တွန်းလို့ မဟုတ်ပါဘူး၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ပါ'လို့ ပြောပါတယ်။

အရင်က (တပ်မတော်အစိုးရ)အပေါ် 'သံသယစိတ်ရှိခဲ့တယ်၊ အခု မရှိတော့ဘူး၊ နိုင်ငံတော်အစိုးရဲ့လုပ်ရပ်တွေ၊ စေတနာတွေကိုသံသယမရှိ အကြွင်းမဲ့ယုံလာတဲ့အတွက် အခုလို ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင် လဲလှယ်ခဲ့တာပါလို့'လည်း ဆိုပါတယ်။

'သွေးခွဲအုပ်ချုပ်မှုနဲ့ ပဒေသရာဇ်အာဏာအုပ်စိုးမှု အစွဲအလန်းတွေကြောင့် အတွေးအခေါ်ကျဉ်းမြောင်းစွာနဲ့ လက်နက်ကိုင်လမ်းစဉ် ကျင့်သုံးပြီး မှားယွင်းတဲ့လုပ်ရပ်တွေ လုပ်ခဲ့မိတယ်၊ လူမျိုးရေးအမြင်လည်း ကျဉ်းမြောင်းခဲ့တယ်'လို့ လည်းဝန်ခံပြောသွားခဲ့ရှာတယ်။

ကျင်းပနေတဲ့'ညောင်နှစ်ပင်ညီလာခံ'နဲ့ပတ်သက်လို့လဲ 'တချိန်က ကျနော်တို့ လိုလားတောင့်တာခဲ့တဲ့ လူမျိုးဘာသာမခွဲခြားဘဲ ကွာဟမှု အနည်းဆုံး အခွင့်အရေးတွေရရှိမှာဖြစ်တဲ့အတွက်'ထောက်ခံပါတယ်လို့ ပြောရှာပါတယ်။

ဆက်ပြီးပြောရတာက'(SSNA) တပ်မဟာ (၁၁)အနေနဲ့ ငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင်လဲလှယ်ခြင်းကို ဦးဦးဖျားဖျားလုပ်ဆောင်နိုင်ခဲ့တာကို ဂုဏ်ယူမိပါတယ်၊ ဒါကြောင့် အခြားသောလက်နက်ကိုင်တိုင်းရင်းသား ညီအစ်ကိုတွေကိုလည်း လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ကြပါလို့လှိုက်လှဲစွာ ဖိတ်ခေါ်လိုပါတယ်'။

အဲဒီလို ဦးကန်န တို့ ငြိမ်းချမ်းရေးနဲ့လက်နက်အပြီးအပိုင်လဲတဲ့ပွဲမှာ 'ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၁) ကိုးကန့်အဖွဲ့မှ ဦးကျန်တဲဝမ်နှင့်အဖွဲ့၊ အထူးဒေသ(၃) အက်စ်အက်စ်အေအဖွဲ့မှ ဦးလွယ်မောင်းနှင့်အဖွဲ့၊ အထူးဒေသ(၅) ကေဒီအေအဖွဲ့မှ ဦးဇော်ယော်နှင့်အဖွဲ့၊ အထူးဒေသ(၇) ပီအက်စအယ်လ်အေအဖွဲ့မှ ဦးအိုက်မုန်းနှင့်အဖွဲ့၊ ကချင်အထူး ဒေသ(၂) ကေအိုင်အေအဖွဲ့မှ ဦးဇော်ဂွန်းနှင့်အဖွဲ့'တို့လည်းတက်ရောက်ခဲ့ကြတယ်။

ကြားဖြတ်ပြောရရင် (PSLA)(KDA)စတဲ့အဖွဲ့တွေလည်း ဦးကန်နတို့ **'လမ်း'** အတိုင်း လျှောက်ကြရတော့ မယ်ဆိုတဲ့သတင်းတွေ ကြားသိနေရပါတယ်။ ဒီသတင်းတွေမှား/မှန် တိကျကိစ္စကတော့ တပိုင်းပေါ့။

နအဖ စစ်အုပ်စုကတော့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ကိုင်စွဲထားတဲ့လက်နက်တွေ ဖြုတ်သိမ်းရေးခြေလှမ်းကို တပ်မဟာ(၁၁) ဦးကန်နတို့နဲ့ စတင်ဖွင့်လှစ်ခဲ့ပြီဆိုတာပါပဲ။ နအဖရဲ့ပစ်မှတ်က ပင်မအဖွဲ့အစည်းတွေထဲက ပဲ့ထွက်လာတဲ့/ခွဲထွက်လာတဲ့အစုအဖွဲ့တွေနဲ့ လူမျိုးစုအဖွဲ့ငယ်တွေကို အဓိကထားပြီးလုပ်ဆောင်နေတယ်ဆိုတာနဲ့ သက်ဆိုင်ရာ စစ်တိုင်းအလိုက် အကောင်အထည်ဖော်ခိုင်းတဲ့ ပုံစံမျိုးတွေ့နေရတယ်။

နအဖ စစ်အုပ်စုအတွက် လူမိုက်ကံကောင်းဆိုသလို အချက်ရသွားတာကတော့'ရှမ်းပြည်လွတ်လပ်ရေး ကြေညာခြင်း'ကို 'လက်နက်ဖြုတ်သိမ်းရေး'နဲ့'တိုင်း(၇)တိုင်း၊ ပြည်နယ် (၇)ပြည်နယ် အတုအယောင်ပြည်ထောင်စု' ဖော်ဆောင်ရေးအတွက် နိုင်ငံရေးလက်နက်အဖြစ် အသုံးချခွင့်ရသွားတာပါပဲ။

နအဖ စစ်အုပ်စုက ခြေမြန်လက်မြန်ပဲ ပြည်ထဲရေးဝန်ကြီးဌာနကနေ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)ကို ထုတ်ပြန်ခဲ့ပြီးတရားဝင် နိုင်ငံရေး ပါတီတွေ၊ တိုင်းရင်းသားအပစ်ရပ်အဖွဲ့အစည်းတွေ၊ ကြံ့/ဖွံ့၊ စစ်မှုထမ်းဟောင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး စတဲ့အသင်းအဖွဲ့တွေကနေ ကြေညာချက် တွေထုတ်စေခဲ့တယ်။

နဖအ စစ်အုပ်စုက (NLD)(SNLD)တို့ရဲ့ ကြေညာချက်တွေကို ယူပြီး သတင်းစာမှာ ဖော်ပြတဲ့အထိ ခြေသွက်ခဲ့ပါတယ်။ ဒ့ါအပြင်ထိန်းသိမ်းခံထားရတဲ့ (SSA)(SNLD) ခေါင်းဆောင်တွေကိုလည်း နအဖ စစ်အုပ်စုက 'ရှမ်းပြည်လွတ်လပ်ရေးကြေညာခြင်း'နှင့် ဆက်စပ်ပေးခဲ့ပြီး ပြည်ထောင်စုဖြိုခွဲသူတွေ အဖြစ် သတင်းစာရှင်းလင်းပွဲကနေ ပုံဖော်ခဲ့ကြတယ်။

(၃)

'ရှမ်းပြည်လွတ် လပ်ရေးကြေညာခြင်း'နဲ့ပတ်သက်ပြီး သဘောထား ကြေညာချက်တွေကို သက်ဆိုင်ရာပါတီအဖွဲ့အစည်းတွေက ထုတ်ပြန်ကြတော့ အခြေခံအားဖြင့်သဘောထားနှစ်မျိုးကွဲပြားတာကိုတွေ့ရပါတယ်။ သဘောထားထုတ်ပြန်ကြတဲ့ အဖွဲ့အစည်းတိုင်းဟာ'ရှမ်းပြည်လွတ်လပ်ရေး ကြေညာခြင်း'ကို ကန့်ကွက်ကြရာမှာ အခြေခံအားဖြင့်တူညီကြသော်လည်း၊ စကားလုံးအသုံးအနှုန်းရွေးချယ်မှု ကွာခြားပါတယ်။ ဒါကလည်းသက်ဆိုင်ရာ ပါတီအဖွဲ့အစည်းတွေရဲ့ ထားရှိတဲ့သဘောထားကို ထင်ဟပ်နေတာဖြစ်ပါတယ်။

ပထမတစ်မျိုးကတော့ – တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးနှင့် တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်း၌ အပြန်အလှန်ဆွေးနွေးညှိနှိုင်းပြီး စစ်မှန်သော ပါတီစုံဒီမိုကရေစီ စနစ်ရှိသော ပြည်ထောင်စု ဖော်ဆောင်ရန်ဖြစ်ပြီး၊

ဒုတိယတစ်မျိုးကတော့ – နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ် (၇)ရပ်ကို အလေးအနက်ထောက်ခံပြီး တပ်မတော်အစိုးရ၏ ဦးဆောင်မှုကို ခံယူသွားမည်ဟူ၍ ဖြစ်ပါတယ်။

ဒုတိယအမျိုးအစားအတိုင်း သဘောထားခံယူချက် ထားရှိမည်ဆိုလျှင် ဦးကန်န တို့လျှောက်သည့် **'လမ်း'**အတိုင်း လျှောက်လှမ်းကြရပေလိမ့်မည်၊ အပြီးအပိုင်စွန့်လွှတ်ကြရလိမ့်မည်၊ 'အတွေးအခေါ်ကျဉ်းမြောင်းစွာနဲ့ လက်နက်ကိုင်လမ်း စဉ်ကျင့်သုံးပြီးမှားယွင်းတဲ့ လုပ်ရပ်တွေလုပ်ခဲ့မိတယ်။ လူမျိုးရေးအမြင်လည်း ကျဉ်းမြောင်းခဲ့တယ်'လို့ ဂုဏ်သိက္ခာကင်းမဲ့သော စကားကို ဆိုကြရပေလိမ့်မည်။ မိမိရပ်တည်ဆောင်ရွက်ခဲ့သော အမျိုးသားများ၏ သစ္စာကို ဖေါက်ဖျက်ကြရပေလိမ့်မည်။ ထိုသို့ဖြစ်လျှင် **ထိုပါတီအဖွဲ့အစည်းသည် ထာဝရရှုံးနိမ့်** ရပေတော့မည်။

ပထမ အမျိုးအစားအတိုင်း သဘောထားခံယူချက်ရှိလျှင်တော့ ဘဝတူပါတီအဖွဲ့အစည်းများ၊ အမျိုးသားအသီးသီးပြည်သူများနှင့် သွေးစည်းညီညွတ်ရေးကိုအခိုင်အမာ တည်ဆောက်ရပေလိမ့်မည်။

**တီအမ်အင်န်** ■ ၂၈၊ ၄၊ ၀၅

# နှစ်ပတ်အတွင်း သတင်းမှတ်စု

## မြန်မာ

*ဧပြီလ ၁၄* – လွန်ခဲ့သည့် ဆယ်နှစ်ခန့်က အပစ်အခတ်ရပ်စဲရေးစာချုပ်အရ ရှမ်းပြည်နယ်တပ် SSNA မှ တပ်ဖွဲ့ဝင် (၁၇၀)ကျော် လက်နက်ချခဲ့သည်ဟု နအဖမှဆိုသည်။ (VOB/ RGN-Rtrs)

*ဧပြီလ ၁၆* – SSNA မှ လက်နက်ချသူဦးရေသည် နအဖ ကြေညာသလို (၁၇၀) ဦး မဟုတ်ပဲ (၃၈)ဦးသာဖြစ်ကြောင်း SDU မှ Sai Wansai မှ ဆိုသည်။ (VOB/ Asian Tribune)

*ဧပြီလ ၁၇* – ပြည်ပရောက် ရှမ်းခေါင်းဆောင်အချို့(သမတကြီး စဝ်ရွှေသိုက်၏ သားကြီးအပါအဝင်) ရှမ်းပြည်လွတ်လပ်ရေးကို ယနေ့ နေ့စွဲဖြင့် ကြေညာသည်။ (VOB/ SHAN)

*ဧပြီလ ၂၀* – အာဆီယံအလှည့်ကျဥက္ကဌနေရာကို မစွန့်လွှတ်၊ ပြည်တွင်းရေးကို ပြင်ပနိုင်ငံများမှဖိအားပေး၍ပြောင်းမရဟု အာရှ– အာဖရိက ဆွေးနွေးပွဲအတွက်ရောက်ရှိနေသော နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဥာဏ်ဝင်းမှ ဆိုသည်။ (VOB/ AFP)

*ဧပြီလ ၂၀* – ထားဝယ်တက္ကသိုလ် ဘူမိဗေဒဌာနက ဆရာ/ဆရာမများနှင့် ကျောင်းသူ/ကျောင်းသားများလိုက်ပါ၍ ထားဝယ်မှရန်ကုန်သို့ ထွက်ခွါလာသည့် မှန်လုံယာဥ်အား ယမန်နေ့ နံနက်ပိုင်းက အမည်မသိ လက်နက်ကိုင်အဖွဲ့မှ ပစ်ခတ်သည့်အတွက် အနည်းဆုံး(၈)ဦးခန့် သေဆုံးကြောင်း သိရသည်။ (DVB)

*ဧပြီလ ၂၂* – အဓမ္မအလုပ်ခိုင်းစေခဲ့သည့် အာဏာပိုင်များအပေါ် တရားစွဲခဲ့သည့် ထမ်းမနိုင်ရွာသူ မစုစုနွေးအား ကျေးရွာအာဏာပိုင်များက ဝတ္တရားနှောက်ယှက်မှုဖြင့် ပြန်တရားစွဲထားကြောင်း သိရသည်။ (DVB)

*ဧပြီလ ၂၃* – ရှမ်းပြည်အစိုးရဖွဲ့စည်းမှုတွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) လည်း ပါဝင်နေသည်ဆိုသည့် ယမန်နေ့က ပြုလုပ်ခဲ့သော နအဖသတင်းစာရှင်းလင်းပွဲမှ စွပ်စွဲချက်ကို SNLD က ယနေ့ ကြေညာချက်ထုတ်ပြန် ငြင်းဆိုသည်။ (DVB)

*ဧပြီလ ၂၃* – ရှမ်းပြည်လွတ်လပ်ရေးကြေညာချက်နှင့် ပတ်သက်၍ နအဖ သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၅)အား ယမန်နေ့ ညနေပိုင်းက ပြုလုပ်ခဲ့သည်။ (NLM)

*ဧပြီလ ၂၆* – ယနေ့ ညနေပိုင်း(၄)နာရီခွဲခန့်က မန္တလေးမြို့ ဈေးချို C ရုံအတွင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အနည်းဆုံးလူ (၂)ဦးသေဆုံးကြောင်း သိရသည်။ (DVB)

*ဧပြီလ ၂၆* – ၁၉၈၉ ခုနှစ်ကတည်းက နှစ်ရှည်ဖမ်းဆီးထောင်ချခံထားရသည့် နိုင်ငံရေးအကျဉ်းသား ကိုတင်အေးကြူ(ခေါ်)ကဗျာဆရာ မောင်မိုင်းလွင် ယနေ့ နံနက်တွင် မန္တလေးထောင်မှ ပြန်လည်လွတ်မြောက်လာသည်။ (DVB)

*ဧပြီလ ၂၇* – နအဖ လေတပ် စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း ဦးဆောင်သည့် အဆင့်မြင့်စစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံသို့ လျို့ဝှက်ချစ်ကြည်ရေးခရီး ရောက်ရှိနေကြောင်း သိရှိရသည်။ (DVB)

*ဧပြီလ ၂၈* – နှစ်ရှည် နိုင်ငံရေးအကျဉ်းသားများဖြစ်သည့် ကိုကိုကျွန်းပြန် ဦးတင်အောင်နှင့် ရှစ်လေးလုံးကျောင်းသားခေါင်းဆောင် ကိုတင်အေးတို့ နှစ်ဦးသည် ယနေ့ အင်းစိန်ထောင်မှ ပြန်လည် လွတ်မြောက်လာသည်။ (DVB)

*ဧပြီလ ၂၉* – ငြိမ်းချမ်းရေးအဖွဲ့တခုဖြစ်သည် PSLO ပလောင်ပြည်လွတ်မြောက်ရေးအဖွဲ့၏ လက်နက်ချပွဲ အခမ်းအနားကို ရှမ်းပြည်နယ် မန်တုံမြို့တွင် ပြုလုပ်ခဲ့သည်။ (DVB)

## နိုင်ငံတကာ – မြန်မာ

*ဧပြီလ ၁၄* – ဒေါ်အောင်ဆန်းစုကြည်မွေးနေ့တွင် မွေးနေ့ပို့စကဒ် (၆၀၀၀) ပို့ရန် မြန်မာဒီမိုကရေစီအင်အားစုများမှ အကောင်အထည် ဖော်နေကြောင်း သိရသည်။ (VOB/ WTN-AP)

*ဧပြီလ ၁၄* – ဒေါ်အောင်ဆန်းစုကြည်အား နအဖမှ လွှတ်ပေးမည့် လက္ခဏာ မမြင်သေးကြောင်း၊ ထိုသို့ဖြစ်ရေးအတွက် တတ်နိုင်သမျှ ကြိုးစားလုပ်ကိုင်သွားမည်ဟု Mr.Razali မှ ဆိုသည်။ (VOB/ KL-Bernama)

*ဧပြီလ ၁၄* – လာမည့်ဇူလိုင်လတွင် ပြုလုပ်မည့် ဗီယက်ရှင်းအာဆီယံဆွေးနွေးပွဲတွင် မြန်မာအပေါ် ပြတ်သားသော ဆုံးဖြတ်ချက်မချပါက အာဆီယံသည် ပြဿနာဟောင်းနှင့် ထပ်ရင်ဆိုင်ရပေဦးမည်။ (VOB/ New Straits Times)

*ဧပြီလ ၁၇* – အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အား မြန်မာ့ဒီမိုကရေစီဖက်မှရပ်တည်ရန်၊ နအဖအလိုကျရပ်တည်နေမှုများကို အမေရိကန်အမတ် Mitch McConnell မှ ပြစ်တင်ဝေဖန်လိုက်သည်။ (VOB/ Nation 1700405)

*ဧပြီလ ၁၈* – မြန်မာစစ်အစိုးရအပေါ် နိုင်ငံတကာက ပိတ်ဆို့ ဒဏ်ခတ်မှုကို ထောက်ခံအားပေးကြရန် နယူးဇီလန် အလုပ်သမားသမဂ္ဂများအဖွဲ့ (NZCTU) က နယူးဇီလန်အစိုးရနှင့် ပြည်သူများအား တိုက်တွန်းလိုက်သည်။ (NEJ)

*ဧပြီလ ၁၈* – မေ (၂၆)ရက်နေ့တွင် နယူးရောခ့်အခြေစိုက် Freedom Houseသည် မြန်မာအပေါ် ထိုင်းအစိုးရ၏ဆက်ဆံရေး အထူးသဖြင့် ဒီမိုကရေစီ လှုပ်ရှားသူများနှင့် တိုင်းရင်းသားဒုက္ခသည်များအပေါ် ဆက်ဆံရေးကိစ္စ သုံးသပ်ဝေဖန်ချက် ထုတ်ပြန်မည်။

(VOB/ Nation)

ဧပြီလ ၁၈ – အမေရိကန်ပြည်ထောင်စုဂျော့ဝါရှင်တန် တက္ကသိုလ်ရှိ အမေရိကန် ကျောင်းသူ/ ကျောင်းသားများသည် လာမည့် တနင်္လာနေ့မှ စ၍ မြန်မာပြည်လွတ်မြောက်ရေး လှုပ်ရှားမှုများကို တပတ်လုံးလုံး ဆက်တိုက်ဆောင်ရွက်သွားမည်ဟု သိရသည်။ (DVB)

ဧပြီလ ၁၉ – မြန်မာအာဆီယံဥက္ကဋ္ဌ မဖြစ်ရေးကို ပါဝင်ကန့်ကွက်မှု ရှိ/မရှိဆိုသည်ကို ကမ္ဘာကသိအောင် ထိုင်းနိုင်ငံအနေဖြင့် ထုတ်ဖေါ်ပြောဆိုရန် အချိန်တန်ပြီဖြစ်ကြောင်း ထိုင်းအထက်လွှတ်တော် နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ မစ္စတာ ခရိုင်ဆပ်ချွန်ဟာဝန်က အထက်လွှတ်တော်တွင် ယမန်နေ့က ပြောကြားသည်။ (NEJ 190405)

ဧပြီလ ၂၀ – မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပဖယောင်းရုပ်တုပြခန်းကို တောင်ကိုးရီးယားနိုင်ငံ ဂျယ်ဂျူးကျွန်းရှိ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးပြတိုက်တွင် ထည့်သွင်းပြသမည်ဟု သိရသည်။ (NEJ)

ဧပြီလ ၂၀ – မြန်မာနိုင်ငံအား အာဆီယံအလှည့်ကျဥက္ကဋ္ဌ ရာထူးမှနုတ်ပယ်ရန် ဖိလစ်ပိုင်လွှတ်တော်မှ ချွင်းချက်မရှိအတည်ပြု ဆုံးဖြတ်ချက်ချခဲ့သည်။ (VOB/ MNL- AFP200405)

ဧပြီလ ၂၀ – မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကိုစိုးရိမ်ကြောင်းနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အမှန်တကယ်တိုးတက်မှုကို မြင်ချင်သည်ဟု EU အကြီးအကဲယောင်း Anders Fogh Rasmussen က ထိုင်းဝန်ကြီးချုပ်တပ်ခ်စင်နှင့်တွေ့ဆုံစဉ် ပြောကြားသည်။ (VOA)

ဧပြီလ ၂၁ – မြန်မာစစ်အစိုးရအား ဆန့်ကျင်သောအားဖြင့် စီးပွါးရေးပိတ်ပင်သည့် ဒဏ်ခတ်မှုကို ပိုမိုဖိအားပေးကြရန် အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(ICFTU)နှင့် ဥရောပအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (ETUC)တို့မှ ဥရောသမဂ္ဂ ပြင်ပရေးရာ ဆက်ဆံရေးကော်မရှင်နာမင်းထံသို့ ယမန်နေ့က ပူးတွဲစာတစောင် ပေးပို့သည်။ (Irrawaddy)

ဧပြီလ ၂၁ – မြန်မာဒုက္ခသည်များကို ပြန်နှင်ထုတ်နေသည့် ထိုင်းအစိုးရ၏ပေါ်လစီကြောင့် စိုးရိမ်ပူပန်မိကြောင်းနှင့် တပ်ခ်စင်အစိုးရ၏လုပ်ရပ်ကို အတည်မပြုနိုင်ကြောင်း အမေရိကန်ဆီးနိတ်နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ ရစ်ချတ်လူဂါက ထိုင်းအစိုးရထံ စာရေးသား ပေးပို့သည်။ (THE NATION)

ဧပြီလ ၂၅ – ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပါဝင်ခွင့်ပြုရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အာရှ–အာဖရိကခေါင်းဆောင်များ ဆွေးနွေးပွဲတက်ရောက်လာသည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဧပြီ (၂၃) ရက်နေ့ အလွတ်သဘောတွေ့ဆုံရာတွင် တောင်းဆိုသည်။ (NEJ)

ဧပြီလ ၂၅ – မြန်မာ့နိုင်ငံရေးလှုပ်ရှားသူများကို ထိုင်း–မြန်မာနယ်စပ်ရှိ နိုင်ငံရေးဒုက္ခသည် စခန်းများအတွင်းသွတ်သွင်းနေမှုရပ်တန့်ရန် ထိုင်းလွှတ်တော်အမတ်အချို့က ထိုင်းအစိုးရအား တောင်းဆိုလိုက်သည်။ (NEJ)

---

# ခေတ္တနားခိုရာရိပ်မြုံသို့ လာရောက်အပန်းဖြေကြ

မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ခေတ္တနားခိုရာရိပ်မြုံ (BWU Drop in center) ၌ သင်္ကြန်တွင်းအလုပ်ပိတ်ရက်တွင် စက်ရုံများမှ အမျိုးသမီးများကိုဖိတ်ခေါ်ပြီး ရိုးရာယဉ်ကျေးမှု ဓလေ့တစ်ခုဖြစ်သော မုန့်လုံးရေပေါ်လုပ်စားကြပြီး တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ကာ ခေတ္တနားခိုရာရိပ်မြုံသို့လာရခြင်းအကြောင်းကို လာရောက်သူများမှ ပြောကြားရာတွင် အလုပ်ခွင်တွင်းရှိ စိတ်ဖိစီးမှု၊ မွန်းကျပ်မှုများကို ပြေလျော့သွားကြောင်း အပြန်အလှန်ပြောကြားကြပါသည်။ ထိုသို့ ပြောကြားရာတွင် နွေးထွေးချစ်ခင်မှု၊ နားလည်ခံစားမှုများတစ်ဦးနှင့်တစ်ဦး တိုးပွားခဲ့ကြောင်းပြောကြားခဲ့ပါသည်။ လာရောက်ကြသော စက်ရုံများမှာ ချန်ပီယံ၊ ရန်မကင်း၊ အနော်ရိုး၊ မယ်ပ၊ ထိုင်းစန်း၊ တီကေကြီး၊ ပူလီချိုင်း၊ ဖီကြီး ဖီငယ်၊ မယ်တောင် တီကေနှင့် အမေ(ဘော်လီရှ်) တို့ ဖြစ်ပါသည်။ ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ အလုပ်သမားများလည်းပါဝင်ပြီး စုစုပေါင်းလူဦးရေ ၄၄ ဦးလာရောက် အပန်းဖြေခဲ့ကြသည်။ အမျိုးသားများလည်း ပါဝင်ခဲ့ပါသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ခေတ္တနားခိုရာရိပ်မြုံ (BWU Drop in center) တွင် စက်ရုံများမှ အမျိုးသားများလည်း ခေတ္တလာရောက်နားခိုအပန်းဖြေနိုင်ပါသည်။

---

ယခင်အပတ်သတင်းလွှာများကို
အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်
**www.abfsu.net**
**www.absdf.net**
**www.dpns.org**
**www.yoma3.org**

# ချီကာဂို၊ ရေနံမြေ၊ လှိုင်သာယာ က နှင်းဆီအိပ်မက်များ



ချောက်ရေနံမြေ ဘီအိုစီ စတိုဂိတ်တွင် သပိတ်တားနေကြသော အမျိုးသမီးငယ်များ

နေရာဒေသတိုင်းတွင် ဘဝရဲ့အမှတ်အသားများ၊ အလုပ်၏အမှတ် အသားများ၊ မှတ်တမ်းမှတ်စုများနှင့် ရာဇဝင်သမိုင်းများ ကျန်ရှိနေစမြဲပါဘဲ။ သမိုင်းမှတ်တိုင်များကို ဖျောက်ဖျက်သူများရှိသလို၊ ဂုဏ်ပြုခြင်း၊ ချီးမွမ်းခြင်းများ၊ အမှတ်တရဖြစ်စေခြင်းများကို မျိုးဆက်သစ်လူငယ်များ သိရှိစေခြင်းဖြင့်လည်း သမိုင်းမှတ်တိုင်များကို ယနေ့ထိစိုက်ထူနေဆဲ ရှိပါသည်။

လာမည့် မေလ ၁ ရက်နေ့မှာလည်း ကမ္ဘာ့အလုပ်သမားနေ့ မေဒေးနေ့ကို ကျရောက်လာပါပြီ။ အလုပ်သမားပေါင်းစုံတို့၏ တိုက်ပွဲဝင် သွေးမြေကျပြီးမှ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ လူတန်းစားမတူမှု၊ လူလူချင်းကျွန်ပြုမှုနှင့် ကိုလိုနီ နယ်ချဲ့များ၏ ကျူးကျော်မှု၊ ဖိနှိပ်သွေးစုပ်မှုတွေကြောင့် အလုပ်သမားများ၏တိုက်ပွဲများမှာ ဖိနှိပ်မှုများအောက်မှ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ၁၉ ရာစုလောက်မှစ၍ အမေရိကန်နိုင်ငံတွင်း စက်မှုလုပ်ငန်းများတိုးတက်လာခြင်းမှ လုပ်ငန်းပိုင်ရှင်များ၏ အကြင်နာမဲ့စွာဖြင့် အလုပ်သမားများကို တနေ့လျှင် ၁၄ နာရီ မှ ၂၀ နာရီအထိ ငှားရမ်းစေခိုင်းခဲ့ကြပါသည်။ အလုပ်ချိန် ရှည်လျားမှုကြောင့် အလုပ်သမားများ မူးမော်၍ မေ့လဲခြင်းများ၊ ပင်ပမ်းနွမ်းနယ်ခြင်းများ၊ လွတ်လပ်မှုမရှိသဖြင့် စိတ်ကျဉ်းကျပ်မှုများကို ခံစားလာ ရပါသည်။ ထိုသို့ဖိနှိပ်မှုကြောင့် မခံမရပ်နိုင်ဖြစ်သော အလုပ်သမားအချို့မှ စည်းရုံးလှုံ့ဆော်မှု တိုက်ပွဲဝင်တောင်းဆိုမှုများကြောင့် စက်ရုံအလုပ်ရုံမှအဖွဲ့အစည်းများဖွဲ့စည်းခွင့်၊ စည်းရုံးတည်ထောင်ခွင့် ရှိလာခဲ့ပါသည်။ တရားဥပဒေအရ တည်ထောင်ခွင့်ရှိသည်ဟုဆိုသော်လည်း အလုပ်ရှင်များ၊ အစိုးရထောက်လှန်းရေးများ၏ ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီးအရေးယူခံရခြင်း၊ အလုပ်မှအထုတ်ခံရခြင်းများကို ခံရပါသည်။ ထို့အတွက် အလုပ်သမားများသည် စည်းရုံးညီညွတ်စွာဖြင့် အလုပ်ချိန်လျှော့ပေါ့ရေး၊ လုပ်ခတိုးမြှင့်ပေးရေး၊ လုပ်ငန်းခွင်အခြေအနေ ပြုပြင်ပေးရေး၊ လွတ်လပ်စွာ အလုပ်သမားသမဂ္ဂ တည်ထောင်ရေး စသော အခွင့်အရေးများကို ဆက်လက် တောင်းဆိုခဲ့ပါသည်။ ၁၈၈၆ မေလ (၁) ရက်နေ့တွင် အမေရိကန်နိုင်ငံ ချီကာဂိုမြို့ အလုပ်သမားတိုက်ပွဲသည် နိုင်ငံတကာ အလုပ်သမားလှုပ်ရှားမှုတိုက်ပွဲများကို ကူးဆက်စေခဲ့ပြီး၊ ထိုနေ့ကို နိုင်ငံတကာအလုပ်သမားနေ့ အဖြစ် သတ်မှတ်ခဲ့ကြပါသည်။

ကမ္ဘာတဝှမ်းလုံးမှာ အလုပ်သမားလှုပ်ရှားမှုများရှိခဲ့ သလို ကျွန်မတို့ မြန်မာနိုင်ငံမှာလည်း အလုပ်သမားများနှင့် ပတ်သက်ပြီး အခွင့်အရေးဆိုင်ရာ တောင်းဆိုမှုများ၊ တိုက်ပွဲများပေါ်ပေါက် ခဲ့ပါသည်။ ထိုပေါ်ပေါက်မှုကတော့ ၁၃၀၀ ပြည့် အရေးတော်ပုံ ဖြစ်ပါသည်။ အလုပ်သမားများက စတင်ခဲ့သော ထိုအရေးတော်ပုံကြီးတွင် ကျောင်းသားများ၊ လယ်သမားများ၊လူထုလူတန်းစား အသီးသီးတို့၏ထောက်ခံမှု၊ ပူးပေါင်းပါဝင်မှု၊ တိုက်ပွဲဝင်မှုတို့ကြောင့် မြန်မာနိုင်ငံသမိုင်းတွင် ကြီးမြတ်သော ၁၃၀၀ ပြည့် ပြည်သူ့အရေးတော်ပုံကြီးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ တော်လှန်ရေးတိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ပါဝင်ဆင်နွှဲခဲ့ပါသည်။ ထိုသို့ပါဝင်ခဲ့ရာတွင် အမျိုးသမီးများသည် ပုံစံအမျိုးမျိုးဖြင့်လည်း ပါဝင်ခဲ့သည်။။ အဘယ့်ကြောင့်ဆိုသော် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် ပြာဆိုလဆန်း ၈ ရက်နေ့၊ (၁၉၃၈ ဇန်နဝါရီလ ၆ ရက်) ချောက်မြို့မှ ရေနံမြေသပိတ် ပေါ်ပေါက်ခဲ့သည်။ သပိတ်မှောက်ရာတွင် သခင်မ ဒေါ်ဆယ် ခေါင်းဆောင်သော အမျိုးသမီး ၁၀၀၊ ၁၅၀ ခန့်သည် ကိုလိုနီများ ရုံးစိုက်ရာဖြစ်သော ရုံးကြီး၊ ငွေစာရင်းဌာနနှင့် မော်တော်ကား ဝက်ရှော့ဌာနများသို့ သွားရောက်သပိတ်မှောက်ခဲ့ကြသည်။ ဘီအိုစီ၏ အလုပ်ချိန်မှာ နံနက် ၆ နာရီဖြစ်ရာ သပိတ်မှောက်အမျိုးသမီးများသည် နံနက် ၅ နာရီမှ ကြိုတင်သွားခဲ့သည်။ ဘီအိုစီ ရုံးရှေ့တွင် ထိုင်နေသူကထိုင် အိပ်ပြီးသပိတ်မှောက်သူက မှောက်ဖြင့် သပိတ်တားခဲ့ပါသည်။ ထိုသို့ပြုလုပ်ရာတွင် သေနတ်ဖြင့်ချိန်ရွယ်၍ ခြိမ်းခြောက်ခြင်း၊ ဆံပင်ဆွဲပြီးခေါင်းကို ကျောက်ပုံဖြင့်ဆောင့်ခြင်း တုတ်ဖြင့် ရိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင် ပုလိပ်များက မကွေးထောင်သို့ခေါ်သွားခဲ့သည်။ မကွေးထောင်ထဲတွင်လည်း **“ သခင်မတွေ ရဲသွေးပြောင်၊ မကွေးထောင်တော့ အပျော့အပျော့”**ဟု ကြွေးကြော်ဆန္ဒပြခဲ့ပါသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို ကျောင်းသားသပိတ်ကလည်း အားဖြည့်ခဲ့ပါသည်။ ကျောင်းသားသပိတ် တွင် ကျောင်းသူများသည်၊ ကျောင်းသားများနှင့်အတူ ပါဝင်ဆန္ဒပြခဲ့ကြသည်။ ကျောင်းသားများ အစာငတ်ခံဆန္ဒပြခြင်းမှ ကျောင်းသူများလည်း အစာငတ်ခံဆန္ဒပြခဲ့ကြခဲ့သည်။ ထိုအချိန်မှ စ၍ မြန်မာနိုင်ငံလှုပ်ရှားမှုသမိုင်း၌ အမျိုးသမီးများ အစာငတ်ခံတိုက်ပွဲဝင်ခြင်းသည် ပထမဦးဆုံး အကြိမ်ဖြစ်ခဲ့သည်။ အမျိုးသမီးများ၏ အစာငတ်ခံမှုနှင့်ပတ်သက်ပြီး ယခုအချိန်အထိရှိနေခဲ့သည်။ ၂၀၀၅ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ ဂက်စ်တွန် အထည်ချုပ် စက်ရုံမှ အလုပ်သမားများ၏ အခွင့်အရေးအပြည့်အဝ ရရှိရေးသပိတ်မှာ အလုပ်သမားအမျိုးသမီး ၄ ဦး အဖမ်းခံခဲ့ရသည်။ ထိုအမျိုးသမီးများမှာ အင်းစိန်ထောင်ထဲတွင် မတရားဖမ်းဆီး ချုပ်နှောင်ထားမှုကြောင့် အစာငတ်ခံဆန္ဒပြနေကြသည်ဟု ကြားသိရပါသည်။

အမျိုးသမီးများသည် ခေတ်အဆက်ဆက် အလုပ်သမားအခွင့်အရေး၊ ကျောင်းသားအခွင့်အရေး လှုပ်ရှားမှုများတွင်သာမက နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများမှာလည်း အမျိုးသားများနှင့်လက်တွဲပါဝင်နိုင်ခဲ့ကြသည့် သမိုင်းမှာ ယနေ့ ထိတိုင် အထင်အရှားရှိ နေခဲ့ပါသည်။

**စံပယ်စိမ်း** ■

# “ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်”

## Convention on the Rights of the Child (CRC)

ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပတ်သတ်သော အယူအဆသည် ၁၉၇၉ ခုနှစ် ကမ္ဘာ့ကလေးများနေ့ကို ကျင်းပရန် စီစဉ်ဆောင်ရွက်ရာမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ မူလအစတွင် အရှိန်ကောင်းကောင်းဖြင့် ပေါ်ပေါက်လာခြင်း မဟုတ်ခဲ့ချေ။ ကလေးများနေ့ အထိမ်းအမှတ် သဘောလောက်သာ ပြင်ဆင်ရန် ရည်ရွယ်ခဲ့ပြီး ထိုသို့ပြင်ဆင်ရေးသားရန်အတွက် အဓိကတာဝန်ကို ပိုလန်နိုင်ငံက ၁၉၇၈ ခုနှစ်တွင် ဦးဆောင်တာဝန်ယူခဲ့သည်။ စာချုပ်မူကြမ်း ဒုတိယပိုင်းကို ပြင်ဆင်ရေးဆွဲနေချိန်အထိ ဤစာချုပ်အပေါ် နိုင်ငံများစွာကလည်း အလေးပေးစိတ်ဝင်စားမှု မရှိခဲ့ချေ။ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) ၏ အပိုဒ်တွင် ကလေးများဆိုင်ရာ အခွင့်အရေးကို သီးခြားဖေါ်ပြထားပြီး ဖြစ်သောကြောင့် နောက်ထပ် ကလေးများဆိုင်ရာ စာချုပ်တခု ထပ်မံမလိုအပ်တော့ဟူသော အယူအဆမျိုး နိုင်ငံတော်တော်များများတွင် ရှိခဲ့သည်။ ထို့ပြင် အနောက်နိုင်ငံများနှင့် အရှေ့ဥရောပနိုင်ငံများက ရေးဆွဲသော စာချုပ်မူကြမ်းသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများအပေါ် အသားပေးသည်ဟူ၍ စိတ်ဝင်စားခြင်း မရှိခဲ့ကြချေ။

မူကြမ်းရေးဆွဲမှုသည် ၁၉၇၉ မှ ၁၉၈၉ ခုနှစ်အထိ ကြာမြင့်ခဲ့သည်။သို့သော် ၁၉၈၈ ခုနှစ် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ခန့်အပ်လိုက်သော အလုပ်အဖွဲ့ကစာချုပ်ကို အပြီးသတ်လေ့လာရေးဆွဲသည့် အချိန်မှစ၍ အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့များစွာတို့သည် ထိုစာချုပ် မူကြမ်းရေးဆွဲရာတွင် စိတ်ဝင်စားလာပြီး အင်တိုက်အားတိုက် ပါဝင်လာခဲ့သည်။ မူလရေးဆွဲထားသော မူကြမ်းကို အခြေခံ၍ အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့များက ထပ်မံဖြည့်စွက်၍ မွမ်းမံမှုများ လုပ်ဆောင်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးဖွဲ့ (WHO)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) စသည့်အဖွဲ့များ၏ တင်ပြချက်များကိုလည်း လက်ခံသုံးသပ်ခဲ့ကြသည်။ နောက်ဆုံး ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှနေ၍ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူချက်ကို ပြဌာန်းခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် သတ်မှတ်ထားသည့် နိုင်ငံအရေအတွက် (၂၀) ပြည့်သွားသဖြင့် စာချုပ်အသက်ဝင်လာခဲ့သည်။ မြန်မာနိုင်ငံသည် ဤစာချုပ်ကို ၁၉၉၁ ခုနှစ်၊ ဇူလိုင် (၁၅) ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များထဲတွင် ကလေးများ အခွင့်အရေးဆိုင်ရာစာချုပ်သည် အခြားစာချုပ်များထက် ထူးခြားမှု ရှိသည်။ ထူးခြားသည့် ပထမအချက်မှာ အခြားလူ့အခွင့်အရေး စာချုပ်များထက် ပိုမိုပြည့်စုံကျယ်ပြန့်သော အခွင့်အရေးများ ဤကလေးသူငယ်ဆိုင်ရာ အခွင့်အရေးစာချုပ်တွင် ပါဝင်နေသည်။ ထိုစာချုပ်အဖွဲ့ဝင် နိုင်ငံများ၏ လုပ်ဆောင်မှုကို အစီရင်ခံစေ၍ စောင့်ကြပ်သော လုပ်ငန်းစဉ်တွင် အခြားစာချုပ်များထက် ပိုမိုကောင်းမွန်သော လုပ်ငန်းစဉ်ကို ရေးဆွဲနိုင်ခဲ့သည်။ ထို့ပြင် ထိုစာချုပ်ကို ပြင်ဆင်ရေးဆွဲချိန်တွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များ၏ လက်တွဲပူးပေါင်းပါဝင် ဆောင်ရွက်မှုသည် အခြားစာချုပ်များကို ရေးဆွဲစဉ်နှင့် မတူ အထူးကောင်းမွန်သည်ကို တွေ့ရသည်။ ထို့ပြင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးစာချုပ်တွင် ဤကလေးသူငယ် အခွင့်အရေးဆိုင်ရာစာချုပ်ကို နိုင်ငံတကာက အထူးလေးစားထောက်ခံခဲ့သဖြင့် စာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၁)နိုင်ငံက အတည်ပြုလက်မှတ်ထိုးထားသည့် စာချုပ်အဖွဲ့ဝင်နိုင်ငံ အများဆုံး စာချုပ်ဖြစ်နေဆဲဖြစ်သည်။ ၂၀၀၂ ခုနှစ်၊ မတ်လအထိ လတ်မှတ်မထိုးသေးသော နိုင်ငံများမှာ အမေရိကန်နိုင်ငံနှင့် ဆိုမားလီးယားနိုင်ငံတို့သာ ကျန်တော့သည်။

စာချုပ်တွင် အပိုဒ်ပေါင်း (၅၄)ပိုဒ် ပါဝင်ပြီး နိုင်ငံသားအခွင့်အရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်း စာနာထောက်ထားသော အရေးကိစ္စများအားလုံး ပါဝင်သည်။ စာချုပ်တွင် အဓိကအားဖြင့် ကလေးသူငယ်များကိုလည်း အရွယ်ရောက်ပြီးသော သူများကဲ့သို့ ညီမျှစွာ တန်ဖိုးထားရမည်။ ကလေးသူငယ်များ၏ အတွေးအမြင်များကိုလည်း တန်ဖိုးထားရမည်။ ကလေးသူငယ်များ၏ အကျိုးအတွက် လုပ်ဆောင်မှုများ၊ ကာကွယ်မှုများ လုပ်ရမည် ဟူသောသဘောများ ထည့်သွင်းပြဌာန်းထားသည်။ ကလေးများ၏ ကိုယ်ရေးအကြောင်းအရာများနှင့် ပတ်သတ်သည့် အပိုဒ်(၈)၊ ပြုစုစောင့်ရှောက်ခွင့်၊ မွေးစားခွင့်တို့နှင့် ပတ်သတ်သော အပိုဒ်(၂၀)၊ (၂၁)၊ လက်နက်ကိုင် တိုက်ပွဲများအတွင်းတွင် နှိပ်စက်ခံရသော ကလေးများအား စိတ်ပိုင်းနှင့်ရုပ်ပိုင်း ပြန်လည်နာလန်ထူလာစေရန် လုပ်ဆောင်ပေးရေးနှင့် သက်ဆိုင်သည့် အပိုဒ်(၃၉) တို့သည် မည်သည့်လူ့အခွင့်အရေး စာချုပ်များမှာမှ လွှမ်းခြုံပါဝင်ခဲ့ခြင်းမရှိသေးသော အကြောင်းအရာ အချက်အလက် အသစ်များ ဖြစ်သည်။

ထိုကလေးစာချုပ်တွင် ပါဝင်သော ကလေးအခွင့်အရေးများကို (၁) အသက်ရှင် ရပ်တည်ခွင့် အခွင့်အရေးများ (Survival rights)၊ (၂) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများ (Development rights)၊ (၃) ကာကွယ်မှုဆိုင်ရာအခွင့်အရေးများ (Protection rights)နှင့် (၄) ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေး (Participation rights) ဟူ၍ အကြမ်းအားဖြင့် အမျိုးအစား လေးမျိုး ခွဲခြားနိုင်သည်။

ဤအသက်ရှင်ရပ်တည်ခွင့် အခွင့်အရေးဆိုသည်မှာ ကလေးများ၏ အသက်ရှင်ခွင့်နှင့် အသက်ရှင်နိုင်ရန် လိုအပ်သော အခြေခံအချက်များကို ဆိုလိုခြင်း ဖြစ်ပါသည်။ လုံလောက်သော နေထိုင်မှု အဆင့်အတန်း၊ အိမ်ယာ၊ အာဟာရနှင့် ဆေးဝါး ကုသမှုဆိုင်ရာများ ရယူခွင့် စသည်တို့ ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများဆိုသည်မှာ ၄င်းတို့၏ စွမ်းရည်ရှိသမျှ ဖွံ့ဖြိုးတိုးတက်စေသော အရာများကိုဆိုလိုသည်။ ဥပမာအားဖြင့် ပညာသင်ကြားခွင့်၊ အားကစားနှင့် အပမ်းဖြေအနားယူခွင့်၊ ယဉ်ကျေးမှု၊ လှုပ်ရှားမှုများ၊ သတင်းများရယူပိုင်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့် တို့ဖြစ်သည်။

ကာကွယ်မှုဆိုင်ရာ အခွင့်အရေးများမှာ မတရားပြုမူခြင်း၊ လျစ်လျူရှုခြင်းနှင့် အမြတ်ထုတ်စော်ကားခြင်းတို့မှ ကာကွယ်ပေးရန် လိုအပ်သော အချက်များ ဖြစ်သည်။ ထိုအရာများမှာ ဒုက္ခသည် ကလေးများအား ကာကွယ်ပေးခြင်း၊ လက်နက်ကိုင် စစ်ပွဲများအတွင်းမှ ကလေးများကို

စာမျက်နှာ (၁၁) သို့ ☞